စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၅/၂၀၂၅

## ၂၀၂၅ ခုနှစ်၊ မေလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ပုသိမ်မြို့ ဆန်စပါးဈေးကွက် ဈေးနှုန်းကျဆင်း၊ အရောင်းအဝယ် အေးလျက်ရှိ
- ကန့်ဘလူဒေသထွက် သရက်သီးစိမ်း (ခေါ်) သရက်ကင်းများ ဈေးကောင်းရလျက်ရှိနေ
- Max Cement တံဆိပ် ဘိလပ်မြေများ ဈေးလျှော့ရောင်း

### နိုင်ငံတကာဈေးကွက်

- ဆန်တင်ပို့မှု စာချုပ်ချုပ်ဆိုရန် တောင်အာဖရိကသို့ ကိုယ်စားလှယ်အဖွဲ့ ထိုင်းအစိုးရ စေလွှတ်
- ပြည်ပသို့ ဆန်တင်ပို့ရန် အင်ဒိုနီးရှားသမ္မတ ခွင့်ပြု
- ပြည်တွင်း၌ စပါးရိတ်သိမ်းမှု အမြင့်ဆုံးကာလတွင် ဖိလစ်ပိုင်၏ ဆန်တင်သွင်းမှုကျဆင်း
- ဈေးနှုန်းကျဆင်းလာမှုအရ စားအုန်းဆီကို အိန္ဒိယကုန်သည်များက တိုးမြှင့်ဝယ်ယူ
- ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ စုစုပေါင်းလက်ဖက်ခြောက်ထုတ်လုပ်မှု၏ ၁ ဒသမ ၈၂ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းခဲ့ကြောင်း အစိုးရပြောကြား
- မတ်လအတွင်း ထိုင်းပို့ကုန်လုပ်ငန်းများ မြင့်တက်ခဲ့
- အိန္ဒိယအစိုးရက ကြက်သွန်နီတင်ပို့မှုအပေါ် ၂၀ ရာခိုင်နှုန်းအကောက်ခွန်ကို ရုပ်သိမ်းမည်ဟု စိုက်ပျိုးရေးဝန်ကြီးပြောကြား
- ထိုင်းဒူးရင်းသီးများတွင် ဆိုးဆေးအတွက် စိုးရိမ်မှုများမရှိတော့သဖြင့် ယခုနှစ်အတွင်း ဒူးရင်းသီးတင်ပို့မှုမြင့်တက်လာနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြားခဲ့
- အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲကြောင့် ဂျပန်ကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံအစား အခြားနိုင်ငံများမှ ပြောင်းလဲတင်သွင်းရန် စဉ်းစားလျက်ရှိ
- ယူအေအီးနိုင်ငံသည် စွန့်ဦးတီထွင်မှုလုပ်ငန်းများတွင် ကမ္ဘာလုံးဆိုင်ရာ ပထမအဆင့်သို့ လေးနှစ်ဆက်တိုက်ရောက်ရှိခဲ့
- ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည် ၃ ဒသမ ၂၆ သန်းလာရောက်ခဲ့ပြီး စံချိန်တင်များပြားခဲ့
- ထိုင်းနိုင်ငံသည် ယခုနှစ်အတွင်း Geographical Indication (GI) ထုတ်ကုန် ၃ မျိုးကို ဂျပန်နိုင်ငံတွင် ထပ်မံ ဖြည့်စွက်သွားရန်ရှိ

- နိုင်ငံစုံပါဝင်သော ကုန်သွယ်ရေးစနစ်ကို ထိန်းသိမ်းရေးအတွက် အတူတကွကြိုးပမ်းမည်ဟု တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂ ကတိပြု
- သွင်းကုန်စည်းကြပ်ခွန်နှင့်ပတ်သက်၍ တရုတ်အပါအဝင် မည်သည့်နိုင်ငံမှ အသက်ရှူချောင်မည် မဟုတ်ဟု ဒေါ်နယ်ထရန့် သတိပေး

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသန
ဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- ကုန်သွယ်မှုတိုးမြှင့်နိုင်ရန်အတွက် ထိုင်းနှင့် ဘူတန်နိုင်ငံတို့အကြား လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ် ချုပ်ဆိုခဲ့
- ဥရောပသို့ Nord Stream ဓာတ်ငွေ့ ပေးပို့မှုများကို ပြန်လည်စတင်ရန် ရုရှားနှင့် အမေရိကန် ဆွေးနွေး
- အမေရိကန်အခွန်များသည် ထိုင်းနိုင်ငံ၏ GDP ကို ကျဆင်းစေနိုင်ကြောင်း Joint Standing Committee on Commerce, Industry and Banking (JSCCIB) က သုံးသပ်ပြောကြားခဲ့
- စိန်ခေါ်မှုများရှိသော်လည်း စီးပွားရေးများတိုးတက်လာနိုင်သည်ဟုမျှော်လင့်နိုင်ကြောင်း အင်ဒိုနီးရှားဝန်ကြီး ပြောကြား
- အာဖရိကပန်းတင်ပို့မှု မြှင့်တင်ရန် ကင်ညာတွင် ကျွမ်းကျင်သူများနှင့်တွေ့ဆုံ

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- ပြည်တွင်းရော်ဘာကုန်ကြမ်းများ အသုံးပြု၍ အဆင့်မြင့်ကုန်ချောများ ထုတ်လုပ်တင်ပို့
- စက်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် နှစ်ခု ခွင့်ပြု

**ပြည်ပကုန်သွယ်မှုသတင်း**

- ဆော်ဒီအာရေးဗျနိုင်ငံသို့ ငါးတင်ပို့ရန် စက်ရုံ ၂၁ ခု ပြင်ဆင်
- ယခင်နှစ်ထက်ဈေးကောင်းရနေတဲ့ ရောဒေသထွက်ကွမ်းသီးနု(အရည်သောက်) ဈေးကွက်

**အထူးဆောင်းပါးများ**

- အမေရိကန်သမ္မတက ကုန်သွယ်ဖက်နိုင်ငံများအပေါ် အပြန်အလှန်သွင်းကုန်ခွန် ချမှတ်သည့်အစီအစဉ်၌ မြန်မာ သွင်းကုန်များအပေါ်သွင်းကုန်ခွန် ၄၄ ရာခိုင်နှုန်း ကောက်ခံရန် ချမှတ်ခဲ့ခြင်း
- ထိုင်းနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးသွားရန် စိတ်အားထက်သန်လျက်ရှိ

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ပုသိမ်မြို့ ဆန်စပါးဈေးကွက် ဈေးနှုန်းကျဆင်း အရောင်းအဝယ် အေးလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ဆန်စပါးဈေးကွက်တွင် ယခင် ဖေဖော်ဝါရီလအတွင်း အရောင်းအဝယ်သွက်လျက်ရှိသော်လည်း ယခုမတ်လတွင် အရောင်းအဝယ်အေး၍ ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

ယခင်ဖေဖော်ဝါရီလအတွင်း ပေါ်ဆန်းစပါး တစ်တင်းကျပ် ၃၀,၀၀၀ / ၃၂,၀၀၀ ဈေးနှုန်းဖြင့် ရောင်းဝယ်လျက်ရှိပြီး ယခင်လနှင့်ယခုလစပါးဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ပေါ်ဆန်း ဆန်တစ်အိတ်လျှင် ယခင်လ ကျပ် ၁၁၀,၀၀၀ / ၁၁၅,၀၀၀ ဈေးမှ ယခုမတ်လတွင် ဆန်တစ်အိတ်ကျပ် ၁၀၄,၀၀၀ / ၁၁၀,၀၀၀ ဈေးဖြစ်သွား၍ ဆန် တစ်အိတ်ကျပ် ၅,၀၀၀ / ၆,၀၀၀ ဈေးနှုန်း ကျဆင်းလျက်ရှိပြီး မိုးမနောသုခ၊ မျိုးပွားစပါး တစ်တင်းလျှင် ယခင်လ ကျပ် ၁၈,၀၀၀ / ၁၉,၀၀၀ ဈေးမှ ယခုလတွင် စပါးဈေး ကျပ် ၁၄,၀၀၀ / ၁၅,၀၀၀ ဖြစ်သွားသည့်အတွက် စပါး တစ်တင်းကျပ် ၄,၀၀၀ ဈေးနှုန်းကျဆင်းလျက်ရှိပြီး ဆန်တစ်အိတ်လျှင် ယခင်ကျပ် ၆၅,၀၀၀ / ၆၇,၀၀၀ ဈေးမှ ယခုဈေးကျပ် ၅၇,၀၀၀ / ၅၈,၀၀၀ ဖြစ်သွား၍ ဆန်တစ်အိတ်ကို ကျပ် ၈,၀၀၀ / ၉,၀၀၀ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရသည်။

လူနည်းစု စားသုံးမှုရှိပြီး ဈေးတန်းနိမ့်၍ ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ် အများဆုံးဖြစ်သော နွေသီးထပ်ရင်စပါး ဈေးနှုန်းမှာ ယခုလဈေး တစ်တင်းကျပ် ၁၄,၀၀၀၊ ရက် ၉၀ စပါး တစ်တင်းကျပ် ၁၅,၀၀၀ ဈေး နွေသီးထပ်ရင် ဆန်တစ်အိတ်ကျပ် ၅၅,၀၀၀ ဈေးနှင့် နွေရက် ၉၀ ဆန်တစ်အိတ်ကျပ် ၅၈,၀၀၀ ဈေးနှုန်းရှိသော်လည်း ပုသိမ်ဈေးကွက်မှ ရန်ကုန်နှင့် အညာဒေသဝယ်လိုအားလျော့နည်း၍ ဆန်စပါးဈေးနှုန်းကျဆင်းလျက်ရှိပြီး အရောင်းအဝယ်အေးလျက်ရှိကြောင်း ဆန်စပါးကုန်သည်များထံမှ သိရသည်။

Source: https://www.doca.gov.mm/my/node/35266

## ကန့်ဘလူဒေသထွက် သရက်သီးစိမ်း (ခေါ်) သရက်ကင်းများ ဈေးကောင်းရလျက်ရှိနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ အညာဒေသ၌ ယခုမတ်လပိုင်းတွင် သရက်သီးစိမ်း (ခေါ်) သရက်ကင်းများ စတင်ပေါ်နေပြီဖြစ်ရာ ရာသီစာအဖြစ် စားသုံးသောကြောင့် သရက်ကင်းဈေးကောင်းရရှိကာ ဝင်ငွေတိုးနေကြောင်း သရက်စိုက်ပျိုးသူများထံမှ သိရသည်။

ယခုအချိန်တွင် ကုန်စိမ်းဈေးကွက်သို့ သရက်သီးစိမ်း(ခေါ်) သရက်ကင်းဈေးမှာ အသီးအနေအထားပေါ်မူတည်၍ သရက်ကင်း ၁၀ ကျပ်သားလျှင် ၁,၀၀၀ ကျပ်ဖြင့် လက်လီရောင်းချရကြောင်း၊ သရက်ကင်း တစ်ပိဿာလျှင် ၉,၀၀၀-၁၀,၀၀၀ ကျပ်နှုန်းဖြင့် ပွဲစားများက ခြံအရောက်လာရောက် ဝယ်ယူမှုများလည်းရှိကြောင်း၊ စိုက်ပျိုးသော သရက်မျိုးများမှာ ဟသ်ာ၊ ဝါဆို၊ စိန်တလုံး၊ ပတ္တမြားငမောက်၊ မချစ်စု စသည်ဖြင့် သရက်အမျိုးခွဲအစုံ စိုက်ပျိုးကြကြောင်း သိရသည်။

Source: https://doca.gov.mm/my/node/35261

## Max Cement တံဆိပ် ဘိလပ်မြေများ ဈေးလျှော့ရောင်း

ငလျင်ဘေးသင့်ဒေသတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံက ဘိလပ်မြေဈေးနှုန်းတွေကို ဧပြီ ၂၃ ရက်ကစပြီး လျှော့ချရောင်းပေးနေပြီဖြစ်တယ်လို့ သိရသည်။ Max Cement တောင်ဖီလာ ဘိလပ်မြေစက်ရုံကနေ နေ့စဉ် ဘိလပ်မြေတန်ချိန် ၁,၅၀၀ ကနေ ၁,၈၀၀ အထိ ထုတ်လုပ်နေသည်။

ငလျင်ဒဏ်သင့် အများပြည်သူနဲ့ သက်ဆိုင်တဲ့အဆောက်အအုံတွေနဲ့ ဝန်ကြီးဌာနတွေ ပြန်လည်တည်ဆောက်ရေးအတွက် ဝယ်မယ်ဆိုရင် အရင်က ဘိလပ်မြေတစ်အိတ်ကို ကျပ် ၂၀,၀၀၀ နှုန်းနဲ့ ရောင်းချနေရာကနေ အခုအခါမှာ ကျပ် ၁၇,၅၀၀ နှုန်းနဲ့ရောင်းချပေးမှာဖြစ်သည်။ အလားတူ ငလျင်ဘေးသင့်ပြည်သူတွေရဲ့ အိုးအိမ်အဆောက်အအုံတွေ ပြန်လည်တည်ဆောက်ဖို့အတွက် ဝယ်မယ်ဆိုရင် တစ်အိတ်ကို ကျပ် ၂၃,၀၀၀ နှင့်ရောင်းချနေရာကနေ အခုအခါ ကျပ် ၂၀,၀၀၀ နှင့် ရောင်းချပေးသွားမှာဖြစ်သည်။ အခုလို ပြန်လည်တည်ဆောက်ရေးကာလမှာ စာသင်ကျောင်း၊ ဆေးရုံ၊ အစိုးရဌာန အဆောက်အဦတွေအပါအဝင် အများနဲ့သက်ဆိုင်တဲ့နေရာတွေ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ဖို့နှင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများ၏ နေအိမ်အဆောက်အဦတွေ မိုးမကျမီ အမြန်ဆုံးပြုပြင်တည်ဆောက်နိုင်ရန်ရည်ရွယ်ပြီး အခုလို ဈေးနှုန်းတွေလျှော့ချရောင်းချပေးတာဖြစ်သည်။

ဈေးနှုန်းတွေလျှော့ချပေးသည့်အတွက် ထုတ်လုပ်မှု၊ ဖြန့်ချိမှုနှင့် အရည်အသွေးပိုင်းမှာ မထိခိုက်အောင် သုံးစွဲသူတွေလက်ဝယ်အမှန်တကယ်ရောက်ရှိအောင် နေ့စဉ် စနစ်တကျကြပ်မတ်စစ်ဆေးထုတ်လုပ်နေတယ်လို့ သိရသည်။ မတ်လ ၂၈ ရက်က မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးနောက်ပိုင်း ဘိလပ်မြေဈေးနှုန်းများ တစ်အိတ်လျှင် ကျပ် ၄၀,၀၀၀ ကျော်အထိ မြင့်တက်ခဲ့ပေမဲ့ သံချောင်း၊ သွပ်ပြား အစရှိတဲ့ အိမ်ဆောက်ပစ္စည်းအများစုရဲ့ဈေးနှုန်းတွေကတော့ ပုံမှန်အတိုင်းပဲရှိတယ်လို့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တချို့က ပြောသည်။ Source: https://onenewstvchannel.com/business/market/max-cement

# နိုင်ငံတကာဈေးကွက်

## ဆန်တင်ပို့မှု စာချုပ်ချုပ်ဆိုရန် တောင်အာဖရိကသို့ ကိုယ်စားလှယ်အဖွဲ့ ထိုင်းအစိုးရ စေလွှတ်

ထိုင်းနိုင်ငံအစိုးရသည် ဆန်တင်ပို့မှုမြှင့်တင်ဆောင်ရွက်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Worawong Ramangkura ဦးဆောင်လျက် ထိုင်းဆန်တင်ပို့သူများအသင်း၊ General Mill Corporation Ltd နှင့် Thai Granlux International Rice Ltd တို့မှ ကိုယ်စားလှယ်များ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ကို တောင်အာဖရိကသို့ စေလွှတ်ခဲ့သည်။

မတ်လ ၂၄ ရက်မှ ၃၀ ရက်အတွင်း ခရီးသွားရောက်သည့် အဆိုပါ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် တောင်အာဖရိကတွင် ထိုင်းဆန်နှင့်အခြားကုန်ပစ္စည်းများ ရောင်းချနိုင်ရန်နှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှု ဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ထားကြောင်း၊ အမေရိကန် ဒေါ်လာ ၁၉၉ ဒသမ ၅၀ သန်း (ဘတ်ငွေ ၇ ဒသမ ၃ သန်းခန့်) တန်ဖိုးရှိသော ဆန်တန်ချိန် ၃၉၁,၀၀၀ ကိုတင်ပို့ရန် တောင်အာဖရိကမှ ဆန်တင်သွင်းသူများနှင့် သဘောတူညီချက်တစ်ရပ်ရေးထိုးနိုင်မည်ဟု ယုံကြည်ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး Pichai Naripthaphan က ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် ထိပ်တန်းကမ္ဘာ့ဆန်တင်ပို့သည့် ထိုင်းနိုင်ငံအတွက် အာဖရိကဒေသအတွင်း အရေးပါသော ဈေးကွက်တစ်ခုဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ထိုင်းနိုင်ငံမှ အာဖရိကဒေသသို့ ဆန်တန်ချိန်စုစုပေါင်း ၃ ဒသမ ၃၇ သန်း တင်ပို့ခဲ့ပြီး ယင်းပမာဏသည် ထိုင်းနိုင်ငံမှ နှစ်စဉ် ဆန်တင်ပို့မှု၏ ၃၃ ဒသမ ၈၈ ရာခိုင်နှုန်း ရှိကြောင်း၊ တောင်အာဖရိကသည်

ထိုင်းဆန်တန်ချိန် ၈၃၃,၀၀၀ သို့မဟုတ် အာဖရိကသို့ ထိုင်းဆန်တင်ပို့မှု၏ ၈ ဒသမ ၃၈ ရာခိုင်နှုန်းကိုတင်သွင်းခဲ့ပြီး အများစုမှာ ပေါင်းဆန်၊ ဆန်ဖြူနှင့် ထိုင်းစံပယ်ဆန်များဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်၌ တောင်အာဖရိကရှိ ထိုင်းဆန်တင်သွင်းမှု၏ ၂၅ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုသည့် Tastic Rice Corporation, Goldkeys International, Jumbo Prepackers စသည့် အဓိက ဆန်တင်သွင်းသော ကုမ္ပဏီများနှင့်ဆွေးနွေးခြင်း၊ တောင်အာဖရိကရှိ ထိုင်းစားသောက်ဆိုင်များကို Thai SELECT အသိအမှတ်ပြု လက်မှတ်ချီးမြှင့်ခြင်းတို့ကို ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

Source: The Thaiger, 24th March 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်)

Source: https://www.doca.gov.mm/my/node/35333

## ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု ၃၀ ရာခိုင်နှုန်းအထိ ကျဆင်း

ထိုင်းဆန်တင်ပို့သူများအသင်း၏ ထုတ်ပြန်ချက်အရ ၂၀၂၅ ခုနှစ် ပထမ သုံးလပတ်အတွင်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုမှာ တန်ချိန် ၂ ဒသမ ၁ သန်းသာရှိပြီး ယခင်နှစ်ကာလတူ တင်ပို့နိုင်မှုအောက် ၃၀ ရာခိုင်နှုန်းအထိ လျော့နည်းခဲ့သည်ဟု Bangkok Post သတင်းဌာနက ဖော်ပြသည်။

အဆိုပါကုန်သည်အသင်းမှ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က အိန္ဒိယ၏ ဆန်ဖြူတင်ပို့မှုပြန်လည်စတင်ခဲ့ခြင်းနှင့် အဓိကဝယ်လက်နိုင်ငံတစ်ခုဖြစ်သော အင်ဒိုနီးရှား၏ ဆန်တင်သွင်းမှု ယာယီဆိုင်းငံ့လျက်ရှိခြင်းတို့က ထိုကဲ့သို့ဆန်တင်ပို့မှုကျဆင်းခြင်းကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ ထိုင်းလုပ်ငန်းရှင်များအနေဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ မူဝါဒအပြောင်းအလဲကို အနီးကပ်စောင့်ကြည့်လုပ်ကိုင်ရန် အရေးကြီးကြောင်း၊ အမေရိကန်နိုင်ငံသည် ယခင်က အကောက်ခွန် သုညရာခိုင်နှုန်းစည်းကြပ်ခဲ့သော ထိုင်းပို့ကုန်များကို ယခုအခါ ၁၀ ရာခိုင်နှုန်းသို့မြင့်တင်ခဲ့ကြောင်း၊ အကယ်၍ အကောက်ခွန်နှုန်းထားများသည် ၂၀ မှ ၂၅ ရာခိုင်နှုန်းကြားအထိ မြင့်တက်လာပါက ထိုင်းစံပယ်ဆန်ကို အဓိကတင်ပို့ရာဖြစ်သော အမေရိကန်ဈေးကွက်သို့ ဆန်တင်ပို့မှုအပေါ် သက်ရောက်မှု ကြီးမားစွာဖြစ်ပေါ်နိုင်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်၏ တန်ပြန်အကောက်ခွန် ၃၆ ရာခိုင်နှုန်း စည်းကြပ်မည့် အစီအမံကို ရက် ၉၀ ကြာ ဆိုင်းငံ့ထားခြင်းက ယခုနှစ် ပထမ သုံးလပတ်အတွင်း စံပယ်ဆန်မွှေး တန်ချိန် ၂၀၀,၀၀၀ ကို ယင်းဈေးကွက်သို့ တင်ပို့ ရန်တွန်းအားဖြစ်စေခဲ့သည်။ ယခင်နှစ်၌ ထိုင်းနိုင်ငံမှ အမေရိကန်သို့ ဆန်တန်ချိန် ၈၃၀,၀၀၀ တင်ပို့ခဲ့ရာတွင် စံပယ်ဆန် တန်ချိန် ၆၃၀,၀၀၀ နှင့် အခြားထိုင်းဆန်မွှေးတန်ချိန် ၁၂၀,၀၀၀ ပါဝင်ခဲ့သည်။ ကမ္ဘာတစ်ဝန်းရှိ ဈေးကွက်များသို့ ထိုင်းနိုင်ငံမှ နှစ်စဉ် စံပယ်ဆန်တင်ပို့မှုမှာ တန်ချိန် ၁ ဒသမ ၃ သန်းမှ ၁ ဒသမ ၄ သန်းအကြား ရှိသည်။

အမေရိကန်နိုင်ငံဘက်မှ ဆန်တင်သွင်းမှုအပေါ် အခွန် ၂၅ ရာခိုင်နှုန်းအထိ သတ်မှတ်ခဲ့ပါက လက်ရှိကာလတွင် တစ်တန်လျှင် ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၀၀၀ ဖြင့် တင်ပို့လျက်ရှိသော ထိုင်းစံပယ်ဆန်သည် တန်ဖိုး ၁၂၅၀ ဒေါ်လာအထိ ကျသင့်မည်ဖြစ်ကြောင်း Mr Chookiat က ပြောဆိုသည်။ ထိုမှုမြင့်မားသော ဆန်ဈေးနှုန်း၌ဝယ်ယူစားသုံးရန် အမေရိကန်နိုင်ငံရှိ စားသုံးသူများ၏ ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းမရှိမည့်အခြေအနေအပေါ် ထိုင်းဆန်တင်ပို့သူများအသင်းက စိုးရိမ်မကင်းဖြစ်ပေါ်လျက်ရှိသည်။

ယခုနှစ် ပထမ သုံးလပတ်၌ ဗီယက်နမ်နိုင်ငံသည် ဆန်တင်ပို့မှုတန်ချိန်ပေါင်း ၂ ဒသမ ၃ သန်းဖြင့် ထိုင်းနိုင်ငံထက် သာလွန်ပြီး ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံးနေရာသို့ ရောက်ရှိလာခဲ့သည်။ အထက်ပါ စိန်ခေါ်မှုများရှိနေသော်လည်း ထိုင်းဆန်တင်ပို့သူများအသင်းအနေဖြင့် ၂၀၂၅ ခုနှစ်၌ ဆန်တန်ချိန် ၇ ဒသမ ၅ သန်းအထိ တင်ပို့နိုင်ရေးရည်မှန်းချက်ကို ပြည့်မီနိုင်ရန်အတွက် ယခုနှစ် နှစ်လယ်ပိုင်းတွင် တိုးမြှင့်တင်ပို့နိုင်အောင် ထိန်းသိမ်း ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Source: Bangkok Post, 22 Apr 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်)

Source:https://doca.gov.mm/my/node/35337

## ပြည်ပသို့ ဆန်တင်ပို့ရန် အင်ဒိုနီးရှားသမ္မတ ခွင့်ပြု

စားနပ်ရိက္ခာလိုအပ်ချက်အရ နိုင်ငံတကာမှအကူအညီတောင်းခံလာပါက ပြည်တွင်း၌ဆန်ပိုလျှံမှုအပေါ်မူတည်၍ လူသားချင်းစာနာထောက်ထားမှုအဖြစ် အကျိုးအမြတ်များစွာရယူခြင်းမရှိဘဲ အခြေခံထုတ်လုပ်မှုစရိတ်၊ သယ်ယူပို့ဆောင်မှုစရိတ်နှင့် ကိုင်တွယ်ထိန်းသိမ်းမှုစရိတ်များ ကာမိသည့်နှုန်းထားဖြင့် ဆန်တင်ပို့ခြင်းကို ခွင့်ပြုမည်ဟု အင်ဒိုနီးရှားသမ္မတ Prabowo Subianto က ဆူမားတြားတောင်ပိုင်းဒေသသို့ သွားရောက်သည့် ခရီးစဉ်အတွင်း ဧပြီ ၂၃ ရက်နေ့တွင် ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ၏ ဆန်ရောင်းချပေးရန်တောင်းဆိုမှုအပေါ် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကိုသာ အလေးပေးဆောင်ရွက်မည်ဟု အင်ဒိုနီးရှား စိုက်ပျိုးရေးဝန်ကြီး Andi Amran Sulaiman က ငြင်းပယ်ခဲ့အပြီးတွင် အင်ဒိုနီးရှားသမ္မတက ယခုကဲ့သို့ ဆန်တင်ပို့ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အချို့သောနိုင်ငံများသည် အင်ဒိုနီးရှားထံမှ ဆန်များကိုဝယ်ယူလိုသည်ဟု စိုက်ပျိုးရေးဝန်ကြီးနှင့် စားနပ်ရိက္ခာရေးရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးတို့က ၎င်းထံသတင်းပို့တင်ပြလာကြောင်း၊ သို့ဖြစ်ရာ ဆန်တင်ပို့ရန်အတွက် အတည်ပြုခွင့်ပြုမိန့်ချမှတ်ပေးခဲ့ကြောင်း၊ အင်ဒိုနီးရှား၏ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုမှာ လွန်ခဲ့သော ၄ လတာအတွင်း စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ သို့ရာတွင် အစိုးရ၏ သိုလှောင်ရုံများမှာ အပြည့်အဝသိုလှောင်ထားရှိနှင့်ပြီးဖြစ်၍ ပိုလျှံသောဆန်များသည် သိုလှောင်ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုအသစ်တစ်ရပ် ဖြစ်ပေါ်လာခဲ့ကြောင်းဖြင့် သမ္မတ Mr. Prabowo က ပြောဆိုခဲ့သည်။

Source: Asia News Network, 25 Apr 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်)

Source:https://www.doca.gov.mm/my/node/35338

## ပြည်တွင်း၌ စပါးရိတ်သိမ်းမှု အမြင့်ဆုံးကာလတွင် ဖိလစ်ပိုင်၏ ဆန်တင်သွင်းမှုကျဆင်း

ပြည်တွင်းစပါးရိတ်သိမ်းမှု ဆက်လက်မြင့်မားလာခြင်းနှင့် ယခင်က ပမာဏအများအပြားဖြင့် တင်သွင်းသည့် ဈေးကွက်၏ အလေ့အထ ပြောင်းလဲလာခြင်းတို့ကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ယခုနှစ် ဆန်တင်သွင်းမှုမှာ သိသိ သာသာကျဆင်းသွားကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဦးစီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါဌာန၏ စာရင်းအင်းအချက်အလက်အရ မတ်လ ၁၃ ရက်နေ့အထိ ပြည်ပမှ ဆန်တင်သွင်းမှု တန်ချိန် ၆၄၀,၉၁၅ တန်ရှိခဲ့ပြီး၊ ယမန်နှစ်ကစံချိန်တင် တင်သွင်းခဲ့သည့် တန်ချိန် ၁ ဒသမ ၁၉ သန်းနှင့် နှိုင်းယှဉ်ပါက သိသာစွာကျဆင်းခဲ့ခြင်းဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာန၏ ပြောခွင့်ရပုဂ္ဂိုလ်ဖြစ်သူ De Mesa က ပြည်တွင်းဆန်ထွက်ရှိမှုနှင့် ဆန်စားသုံးမှုတို့ကို ပိုမိုတိကျစွာခန့်မှန်းလာနိုင်ပြီး ကုန်သွယ်မှုအတွေ့အကြုံများပြားလာသည့်အတွက် ဆန်တင်သွင်းမှု ဈေးကွက်အနေအထားကို ပိုမိုလွယ်ကူစွာခန့်မှန်းလာနိုင်ကြောင်းဖြင့် ကမ္ဘာလုံးဆိုင်ရာစိုက်ပျိုးစီးပွားရေးပညာရှင် Dr. Samarendu Mohanty ၏သုံးသပ်ချက်ကို ကိုးကား၍ ပြောကြားခဲ့သည်။

အိန္ဒိယ-အမေရိကန်နွယ်ဖွား စိုက်ပျိုးစီးပွားပညာရှင် Mohanty က ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ဈေးကွက်ပြုပြင်ပြောင်းလဲမှုများဖြစ်သည့် အနိမ့်ဆုံးလက်ကားဈေးနှုန်းသတ်မှတ်ခြင်း၊ ဆန်ဈေးနှုန်းအဆမတန်ကြီးမားမှုအား တင်းကျပ်စွာကိုင်တွယ်ဖြေရှင်းခြင်းနှင့်ဈေးကွက်စောင့်ကြည့်မှုတိုးမြှင့်ဆောင်ရွက်ခြင်းစသည်တို့ကိုလုပ်ဆောင်သင့်ကြောင်းအလေးပေးပြောဆိုထားသည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပြည်ပမှတင်သွင်းမှုကိုလျှော့ချနိုင်ရန်အလို့ငှာ ပြည်တွင်းစပါးစိုက်တောင်သူများအားထောက်ပံ့ပေးခြင်းကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး တောင်သူများ၏ ဝင်ငွေတိုးလာစေရေးနှင့် သာတူညီမျှသည့် ထောက်ပံ့ပေးကမ်းမှုဖြစ်စေရေးအတွက် အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့သည် သန့်စင်ခြောက်သွေ့သည့်စပါး တစ်ကီလိုဂရမ်လျှင် ၂၄ ပီဆိုနှုန်းနှင့် စပါးအစို တစ်ကီလိုဂရမ်လျှင် ပီဆို ၁၈ နှုန်းတို့ဖြင့် ဝယ်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဆန်တန်ချိန် ၄ ဒသမ ၈ သန်းကို တင်သွင်းထားပြီးဖြစ်ရာ ၂၀၂၅ ခုနှစ်အတွက် စားနပ်ရိက္ခာလိုအပ်ချက်ကို ခိုင်မာစွာထောက်ပံ့နိုင်သည့် အခြေအနေရှိကြောင်း သိရသည်။

Source : Newsline Philippines, March 23, 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်)

Source:https://www.doca.gov.mm/my/node/35332

## ဈေးနှုန်းကျဆင်းလာမှုအရ စားအုန်းဆီကို အိန္ဒိယကုန်သည်များက တိုးမြှင့်ဝယ်ယူ

အိန္ဒိယနိုင်ငံအနေဖြင့် စားအုန်းဆီကို ၅ လကြာမျှ တင်သွင်းမှု လျှော့ချခဲ့ရာမှ ယခုအခါ စားအုန်းဆီ ဈေးနှုန်းများသည် ပြိုင်ဖက်ပဲပုပ်ဆီ၏ ဈေးနှုန်းအောက်သို့ ကျဆင်းလျက်ရှိရာ စားသုံးဆီပြန်လည်သန့်စင်ပြုပြင်သည့် လုပ်ငန်းများ၏ ကုန်စည်သိုလှောင်ဖြည့်တင်းရန် အဝယ်အမှာစာများပေးပို့မှုကို တွန်းအားဖြစ်ပေါ်စေပြီး စားအုန်းဆီဝယ်ယူမှုမှာ စတင်၍မြင့်တက်လာသည်ဟု ကုန်သည်လုပ်ငန်းရှင် ၄ ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံး စားအုန်းဆီတင်သွင်းသူဖြစ်သော အိန္ဒိယနိုင်ငံ၏ ဝယ်ယူမှုမြင့်တက်လာခြင်းသည် ၂၀၂၅ ခုနှစ်အတွင်း ၁၀ ရာခိုင်နှုန်းခန့် ဈေးနှုန်းကျဆင်းနေခဲ့သည့် မလေးရှားစားအုန်းဆီကြိုတင်ရောင်းချမှု စံပြုဈေးနှုန်းမြင့်တက်မှုကို အထောက်အပံ့ပြုလိမ့်မည်ဖြစ်သည်။ စားအုန်းဆီဈေးနှုန်းများသည် အဆမတန်မြင့်မားနေမှုအရ အိန္ဒိယအနေဖြင့် ဝယ်ယူတင်သွင်းမှုကို လျှော့ချခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ယခုအခါ ပဲပုပ်ဆီထက် ဈေးနှုန်းသက်သာလာသဖြင့် ဆီပြန်လည်သန့်စင်ပြုပြင်သူများသည် ပိုမိုမှာယူလာကြကြောင်းဖြင့် Sunvin Group ဟင်းသီးဟင်းရွက်ဆီ ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Sandeep Bajoria က ပြောဆိုခဲ့သည်။

ဆီကုန်သည်များ၏ ပြောကြားချက်အရ လက်ရှိကာလတွင် အိန္ဒိယဆိပ်ကမ်းသို့ ၂၀၂၅ ခုနှစ် မေလအရောက်တင်သွင်းမည့် သဘော်တင်စရိတ်၊ အာမခံကြေးနှင့် သယ်ယူပို့ဆောင်ခများ ပါဝင်ပြီးဖြစ်သော စားအုန်းဆီကြမ်း (Crude palm oil – CPO) တစ်တန်၏ ဆိပ်ကမ်းအရောက် CIF ဈေးနှုန်းသည် ဒေါ်လာ ၁၀၅၀ ခန့်ရှိပြီး ပဲပုပ်ဆီကြမ်းတစ်တန်၏ အလားတူ CIF ဈေးနှုန်းမှာမူ ဒေါ်လာ ၁၁၀၀ ခန့်ရှိကြောင်း သိရသည်။

စားအုန်းဆီသည် ပဲပုပ်ဆီထက် ဒေါ်လာ ၁၀၀ ခန့်ပိုမိုလျက် ပရီမီယံဈေးနှုန်းအဆင့်သို့ ရောက်ရှိနေခဲ့ သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အိန္ဒိယဝယ်လက်များအနေဖြင့် ဝယ်ယူမှုကို လျှော့ချထားခဲ့ခြင်းဖြစ်သည်။ အိန္ဒိယ၏ စားအုန်းဆီ တင်သွင်းမှုမှာ ဒီဇင်ဘာလမှ မတ်လအတွင်း တန်ချိန် ၁ ဒသမ ၅၇ သန်းခန့်ရှိပြီး ဧပြီလ၌ တန်ချိန် ၃၅၀,၀၀၀ ခန့် တင်သွင်းဖွယ်ရှိရာ အဆိုပါ ၅ လအတွက် လစဉ်ပျမ်းမျှ တင်သွင်းမှုပမာဏမှာ ၃၈၄,၇၁၂ တန်ခန့်ရှိမည်ဖြစ်သည်။

အိန္ဒိယ စားသုံးဆီကြိတ်ခွဲထုတ်လုပ်သူများအသင်း၏ အဆိုအရ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကုန်ဆုံးသော ဈေးကွက်ရာသီနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ လစဉ်ပျမ်းမျှ စားအုန်းဆီ တင်သွင်းမှုမှာ တန်ချိန် ၇၅၀,၀၀၀ ခန့်ရှိကြောင်း သိရသည်။ အဆိုပါအသင်းအနေဖြင့် ဧပြီလအတွက် တင်သွင်းမှုအစီရင်ခံစာကို လာမည့်မေလ လလယ်ပိုင်း၌ ထုတ်ပြန်မည် ဖြစ်သည်။

အိန္ဒိယ၏ စားအုန်းဆီ တင်သွင်းမှုသည် မေလတွင် တန်ချိန် ၅၀၀,၀၀၀ ခန့်နှင့် ဇွန်လ၌ တန်ချိန် ၆၀၀,၀၀၀ ကို ကျော်လွန်နိုင်ကြောင်း၊ ဇူလိုင်လမှ စက်တင်ဘာလအတွင် လစဉ်ပျမ်းမျှ တန်ချိန် ၇၀၀,၀၀၀ ခန့်ကို တင်သွင်းဖွယ်ရှိကြောင်း ကုန်သည်များက ပြောဆိုထားသည်။ စားသုံးဆီ ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်း တစ်ခုဖြစ်သော GGN Research မှ မိတ်ဖက်စီမံခန့်ခွဲသူ Rajesh Patel က လွန်ခဲ့သော ၅ လတာအတွင်း ပုံမှန်အောက် လျှော့ချတင်သွင်းခဲ့မှုကြောင့် အိန္ဒိယ၏ စားသုံးဆီ သိုလှောင်မှုလက်ကျန်ပမာဏမှာ လျော့ကျလျက်ရှိကြောင်း၊ သို့ဖြစ်ရာ ဆီသန့်စင်မှုလုပ်ငန်းများအနေဖြင့် ယခုအချိန်၌ ပိုမိုတိုးမြှင့်တင်သွင်းရန် လိုအပ်လျက်ရှိကြောင်းဖြင့် ပြောကြားခဲ့သည်။

Source: Reuters, 23 Apr 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်)

Source:https://www.doca.gov.mm/my/node/35336

## ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ စုစုပေါင်းလက်ဖက်ခြောက်ထုတ်လုပ်မှု၏ ၁ ဒသမ ၈၂ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းခဲ့ကြောင်း အစိုးရပြောကြား

အိန္ဒိယအောက်လွှတ်တော်တွင် အိန္ဒိယနိုင်ငံသို့ လက်ဖက်ခြောက်တင်သွင်းမှုနှင့် ပတ်သက်၍ မေးမြန်း ချက်တစ်ရပ်ကို စီးပွားရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဂျီတင်ပရာဆာဒါ(Jitin Prasada)က ဖြေကြားရာတွင် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယ၏ စုစုပေါင်းလက်ဖက်ခြောက်တင်သွင်းမှုမှာ ကီလိုဂရမ် ၂၅ ဒသမ၂၁ သန်း (တန်ဖိုးအမေရိကန်ဒေါ်လာ ၅၃ ဒသမ ၃၀ သန်း)ရှိခဲ့ပြီး ၎င်းမှာ နိုင်ငံ၏စုစုပေါင်း လက်ဖက်ခြောက် ထုတ်လုပ်မှုကီလိုဂရမ် ၁၃၈၂ ဒသမ ၀၃ သန်း၏ ၁ ဒသမ ၈၂ ရာခိုင်နှုန်းမျှသာဖြစ်ကြောင်း စာဖြင့်ရေးသားဖြေကြားခဲ့ကြောင်း သိရသည်။ လက်ဖက်ခြောက်တင်သွင်းမှုများကို အဓိကအားဖြင့် ရောစပ် အသုံးပြုရန်နှင့် ပြန်လည်တင်ပို့ရန်အတွက် အသုံးပြုခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

လက်ဖက်ခြောက်အုပ်ချုပ်ရေးအဖွဲ့(Tea Board)မှ နိုင်ငံအတွင်းသို့တင်သွင်းသော လက်ဖက်ခြောက်များ နှင့်စပ်လျဉ်း၍ အစီအမံများဆောင်ရွက်ထားကြောင်း ပြောကြားရာတွင် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၁ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ညွှန်ကြားချက်တွင် "ပြည်ပမှ တင်သွင်းသော လက်ဖက်ခြောက်များကို ဒေသဆိုင်ရာအညွှန်း(GI)လက်ဖက်ခြောက်များနှင့် ရောစပ်ခြင်းမပြုရန်"ပါရှိကြောင်း၊ အကယ်၍ ရောစပ်ပါက နောက်ဆုံးထွက်ရှိလာသောကုန်ချောပစ္စည်းကို GI လက်ဖက်ခြောက်အဖြစ် ကြေညာခွင့်မရှိကြောင်း ထည့်သွင်းဖော်ပြထားသည်ဟု ၎င်းက ဆိုသည်။

ထို့ပြင် ထုပ်ပိုးသူများအတွက်လည်း ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်ကာ ရောစပ်ထားသော လက်ဖက်ခြောက်၌ တင်သွင်းကုန်ပစ္စည်းများပါဝင်ကြောင်း ကုန်ပစ္စည်းထုပ်ပိုးမှုအညွှန်းတွင် ရှင်းလင်းစွာဖော်ပြ ရန်လိုအပ်ကြောင်း သိရသည်။

တင်သွင်းသူများနှင့် တင်ပို့သူများအား လက်ဖက်ခြောက်တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းမပြုမီ လက်ဖက်ခြောက်အုပ်ချုပ်ရေးအဖွဲ့၏ လက်ဖက်ခြောက်ကောင်စီ ဝက်ဘ်ပေါ်တယ် (Tea Council Web Portal)မှ အတည်ပြုလက်မှတ်(clearance certificate)ကို မဖြစ်မနေရယူရန်နှင့် လက်ဖက်ခြောက်ထုပ်ပိုးမှုတွင် မူလထွက်ရှိရာဒေသကို ရှင်းလင်းစွာဖော်ပြရန် ညွှန်ကြား ထားကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကင်ညာနိုင်ငံမှ လက်ဖက်ခြောက်အများဆုံးတင်သွင်းသည့်နိုင်ငံ ဖြစ်ပါသလားဟူသော မေးမြန်းချက်ကို ဖြေကြားရာတွင်၊ အိန္ဒိယသည် ကင်ညာမှ လက်ဖက်ခြောက် အများဆုံးတင်သွင်းသူမဟုတ်ဘဲ၊ ၂၀၂၄ ခုနှစ်တွင် ကင်ညာ၏ စုစုပေါင်း လက်ဖက်ခြောက်တင်ပို့မှု၏ ၂ ဒသမ ၈၃ ရာခိုင်နှုန်းသာတင်သွင်းခဲ့ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

လက်ဖက်ခြောက်ထုတ်လုပ်မှုကို ကာကွယ်ရန်နှင့်မြှင့်တင်ရန် အစိုးရကဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် စပ်လျဉ်း၍ သီးခြားမေးခွန်းတစ်ရပ်ကို ဖြေကြားရာတွင်၊ "လက်ဖက်ခြောက်ဖွံ့ဖြိုးရေးနှင့်မြှင့်တင်ရေး အစီအစဉ်(Tea Develop–

ment and Promotion Scheme)" ကို Tea Board မှတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးက ဖော်ပြခဲ့သည်။

အခြားမေးခွန်းတစ်ရပ်တွင် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့လက်ဖက်ခြောက်ထုတ်လုပ်မှု၏ ၂၁ ရာခိုင်နှုန်းကို ထုတ်လုပ်ပြီး၊ ကမ္ဘာ့တင်ပို့မှု၏ ၁၂ ရာခိုင်နှုန်းဖြင့် ဒုတိယအကြီးဆုံး ထုတ်လုပ်သူနှင့် စတုတ္ထအများဆုံးတင်ပို့သူဖြစ်ကြောင်း ၎င်းက ဖော်ပြခဲ့သည်။

၂၀၂၁-၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အထိ အိန္ဒိယနိုင်ငံ၏ လက်ဖက်ခြောက်ထုတ်လုပ်မှုသည် နှစ်အလိုက် စုစုပေါင်းတိုးတက်မှု(CAGR) ၁ ဒသမ ၃၉ ရာခိုင်နှုန်းဖြင့် ကီလိုဂရမ် ၁၃၈၂ ဒသမ ၀၃ သန်း တိုးတက်ခဲ့ပြီး၊ အဆိုပါကာလတူတွင် တင်ပို့မှုသည် CAGR ၁၃ ဒသမ ၉၅ ရာခိုင်နှုန်းဖြင့် ကီလိုဂရမ် ၂၆၀ ဒသမ ၇၁ သန်း ရှိခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ် (ဧပြီလမှ ဇန်နဝါရီလအထိ) ကာလအတွင်း အိန္ဒိယနိုင်ငံ တစ်ဝှမ်းလုံးရှိပွဲမျှ လက်ဖက်ခြောက် လေလံဈေးနှုန်းသည် ၁ ကီလိုဂရမ်လျှင် ရူပီး ၂၀၃ ဒသမ ၁၅ ဖြစ်ပြီး၊ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀ ဒသမ ၃၉ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံအနေဖြင့် ကမ္ဘာပေါ်တွင် လက်ဖက်ခြောက်ကို ဒုတိယအကြီးဆုံး ထုတ်လုပ်သူနှင့် စတုတ္ထအများဆုံး တင်ပို့သူဖြစ်ကာ ၂၀၂၃-၂၄ဘဏ္ဍာနှစ်အတွင်း စုစုပေါင်း လက်ဖက်ခြောက်တင်သွင်းမှုကီလိုဂရမ် ၂၅ ဒသမ၂၁ သန်း (တန်ဖိုး အမေရိကန် ဒေါ်လာ ၅၃ ဒသမ ၃၀ သန်း) ရှိခဲ့ပြီး၊ ၎င်းမှာနိုင်ငံ၏ စုစုပေါင်း လက်ဖက်ခြောက်ထုတ်လုပ်မှု၏ ၁ ဒသမ ၈၂ ရာခိုင်နှုန်းမျှတင်သွင်းခဲ့ကြောင်းနှင့် လက်ဖက်ခြောက်အုပ်ချုပ်ရေးအဖွဲ့(Tea Board) အနေဖြင့် ဒေသဆိုင်ရာအမှတ်အသား (GI) ဖော်ပြချက်အပါအဝင် ထုပ်ပိုးမှုဆိုင်ရာ ကုန်အညွှန်းအမှတ်အသားများဖော်ပြမှုအပေါ် အထူးကြပ်မတ်ဆောင်ရွက် လျက်ရှိသည်။

Source: The Hindu Businessline, India imports 1.82% of country's total tea production in 2023–24, March 25, 2025 (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_29032025_15:02

## မတ်လအတွင်း ထိုင်းပို့ကုန်လုပ်ငန်းများ မြင့်တက်ခဲ့

အမေရိကန်အကောက်ခွန်တွေကြောင့် စိုးရိမ်စရာရှိနေသေးပေမဲ့ ထိုင်းရဲ့ပို့ကုန်လုပ်ငန်းတွေဟာ မတ်လအတွင်း က ၁၈ ရာခိုင်နှုန်းနီးပါး မြင့်တက်လာတယ်လို့ CNA သတင်းမှာ ဖော်ပြထားသည်။

ဒါဟာ သုံးနှစ်တာအတွင်း မျှော်မှန်းထားတာထက် အမြင့်ဆုံးပမာဏကို ရောက်ရှိခဲ့တယ်လို့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးက ပြောကြားထားသည်။ အရှေ့တောင်အာရှမှာ ဒုတိယအကြီးဆုံး စီးပွားရေးအခရာဖြစ်တဲ့ ထိုင်းနိုင်ငံ ပို့ကုန်လုပ်ငန်းက မတ်လအတွင်း ၁၇ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်သွားခဲ့ပြီး ဖေဖော်ဝါရီလနဲ့ နှိုင်းယှဉ်လျှင် ရာနှုန်းအတော်လေး မြင့်တက်ခဲ့တာ ဖြစ်သည်။ မတ်လအတွင်း သွင်းကုန်လုပ်ငန်းတွေကလည်း ပြီးခဲ့တဲ့နှစ်နဲ့နှိုင်းယှဉ်ရင် ၁၀ ရာနှုန်းကျော် တိုးလာခဲ့သည်။

အမေရိကန်ဟာ ပြီးခဲ့တဲ့နှစ်အတွင်းက ထိုင်းနိုင်ငံရဲ့အကြီးဆုံးပို့ကုန်ဈေးကွက်ဖြစ်ခဲ့ပြီး ကုန်ပစ္စည်း ပို့ဆောင်မှုအားလုံးရဲ့ ၁၈ ရာနှုန်းကျော်ရှိခဲ့တာလည်းဖြစ်သည်။ ထိုင်းဟာ သမ္မတထရမ့်ရဲ့လုပ်ဆောင်ချက်တွေ ကြောင့် အထိအနာဆုံး အရှေ့တောင် အာရှနိုင်ငံတွေထဲမှာပါနေပြီး ဇူလိုင်လမှာကုန်ဆုံးမည့် ယာယီဆိုင်းငံ့ကာလမတိုင်ခင် အခွန်လျှော့ပေါ့မှုကိစ္စ မညှိနှိုင်းနိုင်ရင် အခွန် ၃၆ ရာနှုန်း အထိ ပေးဆောင်ရဖို့ ရှိနေတာဖြစ်သည်။ Source:https://onenewstvchannel.com/business/trade/

## အိန္ဒိယအစိုးရက ကြက်သွန်နီတင်ပို့မှုအပေါ် ၂၀ ရာခိုင်နှုန်းအကောက်ခွန်ကို ရုပ်သိမ်းမည်ဟု စိုက်ပျိုးရေးဝန်ကြီး ပြောကြား

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ ကြက်သွန်နီတင်ပို့မှုအပေါ် ၂၀ ရာခိုင်နှုန်း အကောက်ခွန်ကို ရုပ်သိမ်းမည်ဖြစ် ကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီး ရှိဗ်ရာ့ဂျ်ဆင်းဂ်ချိုဟန်(Shivraj Singh Chouhan)က မတ်လ ၂၄ ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်သည်လယ်သမားများ၏ဝင်ငွေကို တိုးတက်စေမည်ဟု၎င်းကပြောကြားခဲ့သည်။

"ကျွန်တော်တို့၏ လယ်သမားများကြိုးစားအားထုတ်၍ စိုက်ပျိုးထားသော ကြက်သွန်နီများ ကမ္ဘာ့ဈေးကွက်သို့ ရောက်ရှိပြီး ပိုမိုကောင်းမွန်သောဈေးနှုန်းနှင့် အကျိုးအမြတ်ရရှိစေရန် ကြက်သွန်နီတင်ပို့မှုအပေါ် အကောက်ခွန်ကင်းလွတ်ခွင့် ပြုပါတယ်"ဟု ဝန်ကြီးချိုဟန်က ရုပ်သံသတင်းထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့သည်။

ဝန်ကြီးက ယခင်က ကြက်သွန်နီတင်ပို့မှုအတွက် အကောက်ခွန်ကို ၄၀ ရာခိုင်နှုန်းအထိသတ်မှတ်ထားသော်လည်း ကြက်သွန်နီဈေးနှုန်းများကျဆင်းလာပြီး လယ်သမားများ၏ အကျိုးအမြတ်နည်းပါးလာချိန်တွင် ၎င်းအား ၂၀ ရာခိုင်နှုန်းအထိ လျှော့ချခဲ့ကြောင်း ရှင်းပြခဲ့သည်။

"ယခုအခါ အစိုးရအနေဖြင့် ၂၀ ရာခိုင်နှုန်းအကောက်ခွန်ကိုပါ အပြီးအပိုင်ရုပ်သိမ်းရန်ဆုံးဖြတ်ခဲ့ပါသည်" ဟု ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြီးခဲ့သည့်သီတင်းပတ်ကထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအရအဆိုပါအကောက်ခွန်ရုပ်သိမ်းမှုသည် ဧပြီ ၁ ရက်မှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်သည်။

ဝန်ကြီးချုပ်ဟန်က နရိန္ဒရာမိုဒီအစိုးရသည် "လယ်သမားများနှင့်သဟဇာတဖြစ်သော" အစိုးရဖြစ်ပြီး လယ်သမားများအား အကျိုးအမြတ်ဖြစ်ထွန်းစေရေးမှာ ၎င်း၏"ဦးစားပေးလုပ်ငန်းစဉ်နှင့်ကတိကဝတ်" ဖြစ်ကြောင်းပြောကြားခဲ့သည်။ အဆိုပါအကောက်ခွန်ရုပ်သိမ်းမှုသည် ပြည်တွင်းလယ်သမားများအား ကြက်သွန်နီဈေးနှုန်းများ အလွန်အမင်းကျဆင်းမှုအန္တရာယ်မှ ကာကွယ်ရန်ရည်ရွယ်ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယအစိုးရဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၀၂၅ ခုနှစ် မတ်လ ၂၂ ရက်စွဲဖြင့်ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်၊ ၁၉/၂၀၂၅ အကောက်ခွန်အရ ဧပြီလ ၁ ရက်နေ့မှစတင်၍ ကြက်သွန်နီအပေါ်ကောက်ခံလျက်ရှိသော ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းအား ရုပ်သိမ်းဖယ်ရှားလိုက်ကြောင်းနှင့် ယင်းသို့ဆောင်ရွက်ခဲ့သည့်အတွက် အိန္ဒိယကြက်သွန်နီတောင်သူများအကျိုးအမြတ်ရရှိပြီး၊ အိန္ဒိယနိုင်ငံမှ ကြက်သွန်နီတင်ပို့မှုများ တိုးမြင့်လာဖွယ်ရှိသည်။

Source: The Hindu Businessline, Government withdraws 20% export duty on onion to boost farmers' income: Agriculture Minister, March 24, 2025, (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_29032025_14:19

## ထိုင်းဒူးရင်းသီးများတွင် ဆိုးဆေးအတွက် စိုးရိမ်မှုများမရှိတော့သဖြင့် ယခုနှစ်အတွင်း ဒူးရင်းသီးတင်ပို့မှု မြင့်တက်လာနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြားခဲ့

ထိုင်းဒူးရင်းသီးများတွင် Basic Yellow 2(BY2)ဆိုးဆေးအတွက် စိုးရိမ်မှုများမရှိတော့သဖြင့် ယခုနှစ်အတွင်း ဒူးရင်းသီးတင်ပို့မှု၌ အဆင်ပြေပြေဆောင်ရွက်နိုင်ရန် မျှော်မှန်းထားကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့ကြောင်း သိရသည်။

ဝန်ကြီးသည် မေလ ဒူးရင်းသီးခူးဆွတ်ရာသီအတွက်ပြင်ဆင်သွားရန် ချန်းသာပုရီပြည်နယ်ရှိ အုပ်ချုပ်ရေးမှူး Mr. Monsit Paisarntanawat အပါအဝင် ဆက်စပ်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ကြောင်း၊ ယခုနှစ် ဒူးရင်းသီးထွက်ရှိမှုသည် တန်ချိန် ၁ ဒသမ ၇၆ သန်းဖြင့် ၃၇ ရာခိုင်နှုန်းတိုးတက်ရန် ခန့်မှန်းထားကြောင်း၊ ဝန်ကြီးသည် တရုတ်သံရုံး၏သံမှူးကြီး Mr. Wu Zhiwu နှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးမှုများ၌ ထိုင်းနိုင်ငံ၏ စစ်ဆေးမှုလုပ်ငန်းစဉ်များကို ဦးစားပေးဆွေးနွေးခဲ့ပြီး သဘော်ာအားလုံးကို စစ်ဆေးခြင်းထက် ကျပန်းစစ်ဆေးမှုဆောင်ရွက်ရန်တောင်းဆိုခဲ့ကြောင်း၊ မတင်ပို့မီ ပြည့်ပြည့်စုံစုံ ကြိုတင်စစ်ဆေးထားပြီးဖြစ်ရာ တရုတ်သည် ကုန်သေတ္တာအားလုံးကိုစစ်ဆေးနေပါက နှောင့်နှေးမှုများဖြစ်ပေါ်စေပြီး တရုတ်သို့ ဒူးရင်းသီးများဝင်ရောက်ရန် စောင့်ဆိုင်းနေစဉ်တွင် ပုပ်သိုးမှုများဖြစ်လာစေမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

လာမည့်ဒူးရင်းသီးခူးဆွတ်ရာသီတွင် BY2 ဆိုးဆေးကင်းလွတ်ရန်အတွက် ချန်းသာပုရီနှင့် ဆက်စပ်ပြည်နယ်များတွင် BY2 ဆိုးဆေးနှင့်စပ်လျဉ်းသည့်ပြသနာများကို ထိထိရောက်ရောက်ဖြေရှင်းလျက်ရှိပြီး ကြိုတင်ကာကွယ်လျက်ရှိသည်ကို အုပ်ချုပ်ရေးမှူး Mr. Monsit က အတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ တရုတ်အနေဖြင့်လည်း ထိုင်းဒူးရင်းသီးများအတွက် စစ်ဆေးမှုလုပ်ငန်းစဉ်များကိုဖြေလျှော့ပေးရန်ဆန္ဒရှိကြောင်း၊ ပြီးခဲ့သည့်လက ဆိုးဆေးပြသနာရပ်နှင့်စပ်လျဉ်းသည့်ပြသနာမရှိခဲ့ကြောင်း၊ ယင်းအတိုင်းဆက်သွားပါက ထိုင်းဒူးရင်းသီးပို့ကုန်အပေါ် ယုံကြည်မှုပိုမိုခိုင်မာနိုင်ကြောင်း၊ ထိုင်းဒူးရင်းသီး အရည်အသွေးကို စစ်ဆေးရန် ချန်းသာပုရီသို့ လာရောက်လည်ပတ်ရန် Mr. Zhiwu ကို ဖိတ်ခေါ်လိုကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် တရုတ်သို့ ပို့ကုန်များကို ထိန်းထားရန် ကြိုးစားနေသောကြောင့် ထိုင်းဒူးရင်းသီးများအတွက် အမေရိကန်၊ ဥရောပသမဂ္ဂနှင့် အိန္ဒိယတို့ရှိ အလားအလာရှိသော ဈေးကွက်များကိုလည်း ရှာဖွေနေကြောင်း၊ ယခုနှစ်တွင် ဒူးရင်းသီးတန်ချိန် ၉၅၀,၀၀၀ တင်ပို့ရန်မှန်းထားကြောင်း၊ ဧပြီလအတွင်း အိန္ဒိယဝန်ကြီးချုပ် ထိုင်းနိုင်ငံသို့ လာရောက်မည့် ခရီးစဉ်တွင် ထိုင်းသစ်သီးများ အိန္ဒိယသို့တင်ပို့နိုင်ရေးအတွက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနက ချန်းသာပုရီနှင့်ရယောင်းရှိ မြေယာဆက်စပ်စိုက်ပျိုးရေး လုပ်ငန်းများတွင် နိုင်ငံခြားသားများအတွက် ရှယ်ယာကိုင်ဆောင်ထားသော ထိုင်းနိုင်ငံသားအမည်များရှိနိုင်သော ဥပဒေအဖွဲ့အစည်းများကို စုံစမ်းစစ်ဆေးလျက်ရှိရာ ချန်းသာပုရီတွင် လုပ်ငန်း ၄၆၂ ခုရှိပြီး မြေယာဦးစီးဌာနသို့ လွှဲပြောင်းပေးထားကြောင်း၊ Mueang ခရိုင်တွင် စိုက်ပျိုးမြေယာကိုင်ဆောင်ထားသောလုပ်ငန်း ၁၁ ခုရှိပြီး ၃ ခုမှာ သစ်သီးနှင့်ဟင်းသီးဟင်းရွက်များ ကုန်သွယ်လျက်ရှိပြီး အခြားမှာ ကျောက်မျက်လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်း-နိုင်ငံခြားသား ရှယ်ယာခွဲဝေမှုသည် ၅၁ အချိုး ၄၉ နှင့် ကိုက်ညီရန်အရေးကြီးကြောင်း၊ ယင်းထက်ပိုမိုပါက နိုင်ငံခြားသားပိုင်ဆိုင်မှုဖြစ်နိုင်ပြီး စိုက်ပျိုးရေး၊ အပင်စိုက်ပျိုးခြင်းနှင့်

စိုက်ပျိုးရေး၊ ကုန်သွယ်မှု အပါအဝင် ကန့်သတ်လုပ်ငန်းများလုပ်ကိုင်ရန် ကန့်သတ်ထားရာ ဥပဒေကိုဆန့်ကျင်သဖြင့် အရေးယူမှုခံရနိုင်ကြောင်း ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် Ms. Auramon Supthaweethum က ပြောကြားခဲ့သည်။

Source: www.bangkokpost.com ,(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_03042024_06:14

## အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲကြောင့် ဂျပန်ကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံအစား အခြားနိုင်ငံများမှ ပြောင်းလဲတင်သွင်းရန် စဉ်းစားလျက်ရှိ

အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲပြန်လည်စတင်လျက်ရှိခြင်းကြောင့် ဂျပန်ကုမ္ပဏီများ၏ ၂၇ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံမှ သွင်းကုန်အပေါ် မှီခိုနေရမှုအား ပြန်လည်သုံးသပ်လျက်ရှိကြောင်း ၂၀၂၅ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် KPMG အကြံပေးကုမ္ပဏီမှ ကောက်ယူခဲ့သည့်စစ်တမ်းအရ သိရှိရကြောင်း ၂၀၂၅ ခုနှစ် မတ်လ ၁၅ ရက်နေ့ထုတ် The Nikkei Asia သတင်းစာတွင် “U.S.-China trade war pushes Japan firms to rethink supply chains: KPMG” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် ရွေးကောက်ပွဲကာလအတွင်း မဲဆွယ် စည်းရုံးစဉ်က တရုတ်နိုင်ငံမှ သွင်းကုန်များအပေါ် ၆၀ ရာခိုင်နှုန်းအထိ အကောက်ခွန်ကောက်ခံသွားမည်ဟု ပြောကြားခဲ့ကြောင်း၊ ထို့နောက် အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်သည့်အချိန်တွင် ဒေါ်နယ်ထရန့်အနေဖြင့် တရုတ်နိုင်ငံမှ သွင်းကုန်များအပေါ် ထပ်ဆောင်းအခွန် ၁၀ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှစတင်၍ကောက်ခံခဲ့ကြောင်း၊ ထို့နောက် မတ်လ ၄ ရက်နေ့တွင် ၂၀ ရာခိုင်နှုန်းသို့တိုးမြှင့်ခဲ့ကြောင်း ဖော်ပြထားသည်။

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံအကြား တင်းမာမှုများပိုမိုပြင်းထန်လာနိုင်ပြီး၊ တရုတ်စီးပွားရေးကျဆင်းလာနိုင်မှုကြောင့် စစ်တမ်းဖြေဆိုသူကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံအစား အခြားသောနိုင်ငံများမှ ပြောင်းလဲဝယ်ယူသွားမည်ဟု ဖြေဆိုခဲ့ကြကြောင်း၊ တရုတ်နိုင်ငံမှသွင်းကုန်များအပေါ် မှီခိုနေရသည့်ကုမ္ပဏီများအနေဖြင့် အမေရိကန်နိုင်ငံ၏ မူဝါဒအပြောင်းအလဲများအပေါ် မျက်ခြည်မပြတ်စောင့်ကြည့်ကာ တရုတ်နိုင်ငံနှင့်စပ်လျဉ်းသည့် မဟာဗျူဟာများကို လေးနက်တည်ငြိမ်စွာချမှတ်ဆောင်ရွက်သင့်ကြောင်း ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အစိုးရနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ရာတွင် စစ်တမ်းဖြေဆိုသူများ၏ ၅၂ ဒသမ ၉ ရာခိုင်နှုန်းက အမေရိကန်နိုင်ငံအနေဖြင့် တစ်ကမ္ဘာလုံးမှ တင်သွင်းလာသည့် သွင်းကုန်များအပေါ် အကောက်ခွန်ကောက်ခံလာနိုင်သည်ဟုလည်းကောင်း၊ စစ်တမ်းဖြေဆိုသူများ၏ ၃၆ ရာခိုင်နှုန်းက အမေရိကန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် အကောက်ခွန်များတိုးမြှင့်ကောက်ခံလာနိုင်သည်ဟုလည်းကောင်း၊ ၂၉ ရာခိုင်နှုန်းအနေဖြင့် အမေရိကန်အစိုးရ၏မူဝါဒများသည် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန်အတွက် ကြိုးပမ်းမှုများ လျော့ကျလာစေနိုင်သည်ဟုလည်းကောင်း ဖြေဆိုခဲ့ကြောင်းနှင့် စစ်တမ်းကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၁ ရက်နေ့အကြား ကောက်ယူခဲ့ပြီး၊ စစ်တမ်းတွင် ကုမ္ပဏီ ၁၇၆ ခုမှ ပါဝင်ဖြေဆိုခဲ့ကြောင်း ဖော်ပြ ထားသည်။ (သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_01042025_14:42

## ယူအေအီးနိုင်ငံသည် စွန့်ဦးတီထွင်မှုလုပ်ငန်းများတွင် ကမ္ဘာလုံးဆိုင်ရာ ပထမအဆင့်သို့ လေးနှစ်ဆက်တိုက် ရောက်ရှိခဲ့

ယူအေအီးနိုင်ငံသည် ၎င်း၏အဆင့်ကို ကမ္ဘာ့ထိပ်တန်းစွန့်ဦးတီထွင်မှုလုပ်ငန်းများ၏ ဗဟိုချက်အဖြစ် ထပ်မံရရှိခဲ့ပြီး၊ ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်မှုလုပ်ငန်းများစောင့်ကြည့်ရေး(GEM)အစီရင်ခံစာ ၂၀၂၄/ ၂၀၂၅ ခုနှစ်တွင် လေးနှစ်ဆက်တိုက် ထိပ်ဆုံးမှရပ်တည်လျက်ရှိသည်။

အကဲဖြတ်ထားသောစီးပွားရေးကဏ္ဍနိုင်ငံပေါင်း ၅၆ နိုင်ငံအနက်ယူအေအီးနိုင်ငံသည် စွန့်ဦးတီထွင်မှုနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(SMEs)အတွက် အကောင်းဆုံးနေရာအဖြစ် အဆင့်ရရှိထားသည်။

ယူအေအီးနိုင်ငံသည် ဝင်ငွေမြင့်မားသောနိုင်ငံများ၏ အဓိကညွှန်းကိန်း ၁၃ ခုအနက် ၁၁ ခုအဖြစ် ရောက်ရှိထားပြီး စွန့်ဦးတီထွင်ဘဏ္ဍာရေး၊ ဈေးကွက်ဝင်ရောက်ရလွယ်ကူမှု၊ အစိုးရမူဝါဒများ၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးလွှဲပြောင်းမှုနှင့် စွန့်ဦးတီထွင်မှုပညာပေးကဲ့သို့သော နယ်ပယ်ကဏ္ဍများတွင် ထူးချွန်ကြောင်းဖော်ပြထားသည်။

ဤအောင်မြင်မှုသည် ယူအေအီးနိုင်ငံ၏ အမြော်အမြင်ရှိသောခေါင်းဆောင်မှုနှင့် Start-Ups လုပ်ငန်း များနှင့် SMEs လုပ်ငန်းများတို့အတွက် ပေါင်းစပ်ဂေဟစနစ်တစ်ရပ်ကို ပျိုးထောင်သွားမည့် ၎င်း၏ ကတိကဝတ်ကြောင့်ဖြစ်ကြောင်း စွန့်ဦးတီထွင်မှုလုပ်ငန်းများရေးရာဝန်ကြီး Alia bint Abdullah Al Mazrouei က ပြောကြားခဲ့ပြီး "We the UAE 2031" ရည်မှန်းချက်

နှင့်အညီ ကမ္ဘာလုံးဆိုင်ရာစွန့်ဦးတီထွင်မှုဗဟိုချက်အဖြစ်ရပ်တည်ရာတွင် နိုင်ငံ၏မဟာဗျူဟာမြောက်ကြိုးပမ်းအားထုတ်မှုများကို အလေးပေးဖော်ပြခဲ့သည်။

အဆိုပါအစီရင်ခံစာသည် စီးပွားရေးနှင့်လိုက်ဖက်သောမူဝါဒများ၊ ခိုင်မာသောအစိုးရ အစပြုမှုများနှင့် ယှဉ်ပြိုင်နိုင်သောရင်းနှီးမြှုပ်နှံမှုအခြေအနေများအတွက် ယူအေအီးနိုင်ငံ၏အောင်မြင်မှုများကို ဂုဏ်ပြုမှတ်တမ်းတင်ထားသည်။ အဓိကအချက်များမှာ ပဏာမစီမံကိန်း ၅၀ ခုတို့မှတစ်ဆင့် SME တိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ ၈ ဒသမ ၇ ဘီလီယံ၊ ကုမ္ပဏီများ၏ ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားပိုင်ဆိုင်ခွင့်နှင့် ၂၀၂၃ ခုနှစ်တွင် စံချိန်တင်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအဆင့်များစသည်တို့ပါဝင်သည်။

ယူအေအီးနိုင်ငံ၏ စွန့်ဦးတီထွင်မှုအစဉ်အလာမှာလည်းထင်ရှားပြီး အရွယ်ရောက်ပြီးသူ ၆၇ ရာခိုင်နှုန်းသည် စွန့်ဦးတီထွင်မှုအခွင့်အလမ်းများကိုသိရှိလာကြပြီး ယူအေအီးနိုင်ငံသားများ၏ ၇၀ ရာခိုင်နှုန်းသည် ပြည်တွင်း၌ စီးပွားရေးလုပ်ငန်းတစ်ခု စတင်မည့်အလားအလာကောင်းများကို မြင်တွေ့လျက်ရှိသည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းအသစ်များ၏ ၈၀ ရာခိုင်နှုန်းသည် ဒစ်ဂျစ်တယ်နည်းပညာများကိုပေါင်းစပ်ရန် စီစဉ်လျက်ရှိပြီး ၅၅ ရာခိုင်နှုန်းသည် နိုင်ငံတကာဈေးကွက်များကို ဝန်ဆောင်မှုပေးနေပြီဖြစ်သည်။

ယူအေအီးနိုင်ငံသည် ၎င်း၏အဆင့်အတန်းကိုပိုမိုခိုင်မာစေခဲ့ကာ GEM ၏ အမျိုးသားစွန့်ဦးတီထွင်မှု လုပ်ငန်းများဆိုင်ရာဆက်စပ်အညွှန်းကိန်း(NECI)၌ ကမ္ဘာတစ်ဝှမ်းတွင် ပထမအဆင့်ရပ်တည်လျက်ရှိပြီး ၂၀၃၁ ခုနှစ်တွင် SMEs လုပ်ငန်းပေါင်းတစ်သန်းသို့ရောက်ရှိစေမည့် ၎င်းတို့၏ရည်မှန်းချက်ကို အားဖြည့်ပေးလျက် ရှိကြောင်း သတင်းဌာနမှဖော်ပြထားသည်။

Source: Emirates News Agencym, (နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ ဒူဘိုင်းမြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_07042025_13:03](https://myantrade.gov.mm/article/STP(Ygn)_07042025_13:03)

## ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည် ၃ ဒသမ ၂၆ သန်း လာရောက်ခဲ့ပြီး စံချိန်တင်များပြားခဲ့

တရုတ်နှစ်သစ်ကူးအားလပ်ရက်ကာလနှင့် ဆောင်းရာသီအားကစားပြုလုပ်ရန်အတွက် လာရောက်ကြသူများပြားခြင်းကြောင့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည် လာရောက်မှုအရေအတွက်မှာ ၁၆ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ၃ ဒသမ ၂၆ သန်းဦးရှိခဲ့ကြောင်း ၂၀၂၅ ခုနှစ် မတ်လ ၂၀ ရက်နေ့ထုတ် The Mainichi သတင်းစာတွင် "February foreign visitors to Japan hit monthly record of 3.26 million" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၌ ဂျပန်နိုင်ငံသို့ လာရောက်ခဲ့သည့် ခရီးသွားဧည့်သည် ၃ သန်းအထက်များပြားခဲ့ခြင်းမှာ ဩစတြေးလျနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ လာရောက်ခဲ့သူများ များပြားခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့က ထုတ်ပြန်ထားကြောင်း၊ ဂျပန်နိုင်ငံသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အများဆုံးလာရောက်ခဲ့သည့်နိုင်ငံများမှာ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှဖြစ်ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံနှင့်တရုတ်နိုင်ငံတို့မှ ခရီးသွားဧည့်သည်များလာရောက်မှုမှာ ယခင်နှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၅၇ ဒသမ ၃ ရာခိုင်နှုန်းအသီးသီးမြင့်တက်ခဲ့ပြီး၊ ခရီးသွားဧည့်သည် ၈၄၇,၃၀၀ ဦးနှင့် ၇၂၂,၇၀၀ ဦး အသီးသီး ရှိခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံသို့ ဩစတြေးလျနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ လာရောက်ခဲ့သည့် ခရီးသွားဧည့်သည် အရေအတွက်မှာ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၃၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၈ ဒသမ ၈ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ပြီး၊ ခရီးသွားဧည့်သည် ၈၈,၈၀၀ ဦးနှင့် ၁၉၁,၅၀၀ ဦးရှိခဲ့ကြောင်း ဖော်ပြထားသည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံသို့ ဗီယက်နမ်၊ ထိုင်ဝမ်နှင့် ဗြိတိန် စသည့်နိုင်ငံ/ဒေသများအပါအဝင် နိုင်ငံ/ဒေသ ပေါင်း ၂၀ မှ လာရောက်ခဲ့ကြကြောင်းနှင့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအထိ စုစုပေါင်းလာရောက်ခဲ့သည့် ခရီးသွား ဧည့်သည်အရေအတွက်မှာ ၇ ဒသမ ၀၄ သန်းရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၈ ဒသမ ၅ ရာခိုင်နှုန်းများပြားခဲ့ကြောင်း ဖော်ပြထားသည်။

( သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_07042025_13:35](https://myantrade.gov.mm/article/STP(Ygn)_07042025_13:35)

## ထိုင်းနိုင်ငံသည် ယခုနှစ်အတွင်း Geographical Indication (GI) ထုတ်ကုန် ၃ မျိုးကို ဂျပန်နိုင်ငံတွင် ထပ်မံ ဖြည့်စွက်သွားရန်ရှိ

ထိုင်းနိုင်ငံသည် ယခုနှစ် ဒုတိယ ၃ လပတ်အတွင်းတွင် Geographical Indication (GI) ထုတ်ကုန် ၃ မျိုးကို ဂျပန်နိုင်ငံတွင် ထပ်မံဖြည့်စွက်၍ မှတ်ပုံတင်သွားရန်စီစဉ်လျက်ရှိကြောင်း မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Ms. Nusara Kanjanakul က ပြောကြားချက်အရ သိရသည်။

Geographical Indication (GI) ထုတ်ကုန်အဖြစ် ထပ်မံဖြည့်စွက်မှတ်ပုံတင်မည့် ထုတ်ကုန် ၃ မျိုးမှာ Hom Thong Bua Daeng ငှက်ပျော၊ Nam Dok Mai Si Thong Phitsanulok သရက်နှင့် Phetchabun မန်ကျည်းအချိုတို့ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် ယခင်က Doi Tung ကော်ဖီ၊ Doi Chaang ကော်ဖီနှင့် Huaymon နာနတ်သီးတို့ကို ဂျပန်နိုင်ငံတွင် GI ထုတ်ကုန်အဖြစ် မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်မှုသည် လူထုအခြေပြုစီးပွားရေးတိုးတက်မှုကို GI ထုတ်ကုန်များမှတစ်ဆင့်မြှင့်တင်ပေးရန်ဖြစ်ပြီး Soft Power အတွက် လည်း အရေးပါသောအချက်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများ၊ ပထဝီဝင်ဆိုင်ရာအကျိုးကျေးဇူးများ၊ ရာသီဥတုနှင့် ရိုးရာဆိုင်ရာဗဟုသုတများကိုတွေ့ထိခြင်းဖြင့် အဆိုပါထုတ်ကုန်များ၏ တန်ဖိုးကိုသိသိသာသာမြှင့်တင်ပေးကြောင်း Ms. Nusara က ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် နိုင်ငံတကာတွင် GI ထုတ်ကုန် ၉ မျိုးကို မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း၊ ယင်းတို့မှာ Thung Kula Rong Hai hom mali ဆန်၊ Sangyod Muang Phatthalung ဆန်၊ Doi Tung ကော်ဖီ၊ Doi Chaang ကော်ဖီ၊ Isan ပိုးချည်၊ Lamphun ဘရိုကိတ်ပိုး၊ Phetchabun မန်ကျည်းအချို၊ Lamphun ရွှေရောင်လေချူသီးနှင့် ဥထရာဒစ်မှ Huaymon နာနတ်သီးတို့ဖြစ်ကြောင်း၊ ယင်းထုတ်ကုန်များကို ဥရောပသမဂ္ဂနိုင်ငံများ၊ ဂျပန်၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယနှင့် ကမ္ဘောဒီးယားအပါအဝင် နိုင်ငံ ၃၃ နိုင်ငံကျော်တွင် မှတ်ပုံတင် ထားပြီးဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် GI မှတ်ပုံတင်ထားမှု ၂၂၇ ခုမှ နှစ်စဉ် ဘတ် ၇၇ ဘီလီယံရရှိကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် GI ထုတ်ကုန်များကို ပြည်တွင်း၊ ပြည်ပသို့ ထိုးဖောက်နိုင်ရန် စတိုးဆိုင်များနှင့် Shopee၊ Lazada နှင့် Born Thailand စသည့်အွန်လိုင်းပလက်ဖောင်းများမှတစ်ဆင့် ဖြန့်ချိသွားမည်ဖြစ်ကြောင်း၊ မေလတွင် ကျင်းပမည့် ThaiFex-Anuga Asia 2025 နှင့် ဇူလိုင်လတွင် ကျင်းပမည့် Thailand Coffee Fest 2025 တို့တွင် GI Pavilion ထားရှိ၍ ထုတ်ကုန်များကိုပြသခြင်းဖြင့် မြှင့်တင်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

တန်ဖိုးမြှင့်တင်ရန်နှင့်ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် ထုပ်ပိုးမှုဒီဇိုင်းကိုလည်း ဦးစားပေးသွားမည်ဖြစ်ကြောင်း၊ GI ထုတ်ကုန်များသည် Michelin လက်မှတ်ရစားသောက်ဆိုင်များနှင့် အဆင့်မြင့်မီနူးများတွင်ထင်ရှားကြောင်း၊ GI ထုတ်ကုန်ထွက်ရှိသည့် ဒေသများကို ခရီးသွားဆွဲဆောင်မှုအဖြစ် အသွင်ပြောင်းရန်စီစဉ်ထားကြောင်း၊ ယခုနှစ်တွင် ပြည်နယ် ၁၈ ခုမှ GI ထုတ်ကုန်အသစ် ၂၂ မျိုးကို မှတ်ပုံတင်ရန်စီစဉ်ထားပြီး အပင်အခြေခံထုတ်ကုန် ၁၄ မျိုး၊ ငါးထုတ်ကုန် ၃ မျိုး၊ အစားအစာထုတ်ကုန် ၂ မျိုးနှင့် အထည်နှင့်လက်မှုပစ္စည်း ၂ မျိုးနှင့် ဝိုင်/ယမကာ ထုတ်ကုန် ၁ မျိုးဖြစ်ကြောင်း၊ ယင်းမှ ဘတ် ၅ ဒသမ ၈ ဘီလီယံရရှိရန် ခန့်မှန်းထားပြီး ထုတ်လုပ်သူ ၁၅,၀၀၀ က GI ထုတ်ကုန် ၁၈၄ မျိုးကို ထိုင်း GI တံဆိပ် လျှောက်ထားလာကြောင်း၊ ဦးစီးဌာနသည် GI ထုတ်ကုန်များအတွက် အထူးဒီဇိုင်းရေးဆွဲထားသည့် ဒီဂျစ်တယ်နောက်ကြောင်းလိုက်နိုင်သော Smarttrace စနစ်ကို မိတ်ဆက်ခဲ့ကြောင်း သိရသည်။

Source: www.bangkokpost.com , (သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_22042025_13:40

## နိုင်ငံစုံပါဝင်သော ကုန်သွယ်ရေးစနစ်ကို ထိန်းသိမ်းရေးအတွက် အတူတကွကြိုးပမ်းမည်ဟု တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂ ကတိပြု

တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)ကို ဗဟိုပြု၍ နိုင်ငံစုံပါဝင်သော ကုန်သွယ်ရေးစနစ်ကို အတူတကွထိန်းသိမ်းရန်ကတိပြုခဲ့ကြောင်း တရုတ်နိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဧပြီ ၁၀ ရက်၌ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝမ်ဝန်ထောင်းနှင့် ဥရောပကုန်သွယ်စီးပွား လုံခြုံရေးဆိုင်ရာကော်မရှင်နာ မားရို့စ်ဆက်ဖ်ကိုဗစ်တို့ ဧပြီ ၈ ရက်က ဗီဒီယိုလင့်ခ်မှတစ်ဆင့် ဆွေးနွေးခဲ့ပြီးနောက် ယခုကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်ကာ ယင်းဆွေးနွေးမှုအတွင်း တရုတ်-အီးယူ ကုန်သွယ်စီးပွား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ "အပြန်အလှန်စည်းကြပ်ခွန်များ"ဟုဆိုသော အမေရိကန်၏ စည်းကြပ်ခွန် သတ်မှတ်မှုများအပေါ် တုံ့ပြန်ရေး အပါအဝင် ကိစ္စရပ်အများအပြားကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ Source: https://xinhuamyanmar.com/mm-en/ne-2541005/

## သွင်းကုန်စည်းကြပ်ခွန်နှင့်ပတ်သက်၍ တရုတ်အပါအဝင် မည်သည့်နိုင်ငံမှ အသက်ရှူချောင်မည်မဟုတ်ဟု ဒေါ်နယ်ထရန့် သတိပေး

သွင်းကုန်စည်းကြပ်ခွန်များနှင့်ပတ်သက်၍မည်သည့်နိုင်ငံမှ အသက်ရှူချောင်လိမ့်မည်မဟုတ်ဟု ဧပြီ ၁၃ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က သတိပေးလိုက်ပြီး တရုတ်ကိုမျက်နှာသာပေးသည်ဟု ရှုမြင်ခြင်းခံရသော အခွန်ကင်းလွတ်ခွင့်အချို့သည်လည်း ခဏမျှသာဖြစ်သည်ဟု ၎င်း၏အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံကြီး နှစ်နိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့သည် သွင်းကုန်အခွန်များကို အပြန်အလှန်ကောက်ခံလျက်ရှိကြသည်။

ထို့ကြောင့် အမေရိကန်က တရုတ်သွင်းကုန်များကိုအခွန် ၁၄၅ ရာခိုင်နှုန်းအထိ ကောက်ခံမည်ဖြစ်ပြီး တရုတ်ကလည်း အမေရိကန်သွင်းကုန်များကို အခွန် ၁၂၅ ရာခိုင်နှုန်းကောက်ခံခြင်းဖြင့်လက်တုံ့ပြန်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုက ဧပြီ ၁၂ ရက်တွင် အခွန်ကောက်ခံမှုအချို့လျှော့ချပေးခဲ့ရာ စမတ်ဖုန်းများ၊ လက်တော့ပ်များ၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းများနှင့်အခြားသော အီလက်ထရွန်နစ်ထုတ်ကုန်များကို အခွန်ကင်းလွတ်စာရင်းတွင်ထည့်သွင်းခဲ့သည်။ အဆိုပါထုတ်ကုန်တို့သည်တရုတ်၏ အဓိကထုတ်ကုန်များလည်းဖြစ်သည်။ အခွန်ကင်းလွတ်ခွင့်များပေးခြင်းကို အဓိပ္ပာယ်ကောက်ယူမှုလွဲမှားနေသည်ဟု ထရန့်နှင့်၎င်း၏ထိပ်တန်း တာဝန်ရှိသူအချို့က ဧပြီ ၁၂ ရက်တွင် ပြောကြားခဲ့ကြပြီး ၎င်း၏အဖွဲ့သည် စာရင်းတွင်ပါဝင်သောပစ္စည်း အများအပြားကို လောလောလတ်လတ်အခွန်ကောက်ခံမှုများ လုပ်ဆောင်နေသောကြောင့် အခွန်ကင်းလွတ်ခွင့်ပေးခြင်းမှာ ယာယီသာဖြစ်လိမ့်မည်ဟုဆိုသည်။ "ဘယ်သူမှအသက်ရှူချောင်မှာမဟုတ်ပါဘူး။ အထူးသဖြင့်တရုတ်လည်း အသက်ရှူချောင်မှာမဟုတ်ပါဘူး။ အခုချိန်အထိတရုတ်ဟာကျွန်တော်တို့ကို အဆိုးရွားဆုံးပြုမူထားတာဖြစ်ပါတယ်"ဟု ထရန့်က ၎င်း၏ Truth Social တွင် ပို့စ်တင်ခဲ့သည်။

ဧပြီ ၁၂ ရက်တွင် အခွန်ကင်းလွတ်ခွင့်ပြုခြင်းကသေးငယ်သော အဆင့်ကိုသာကိုယ်စားပြုနေသည်။ စောစောပိုင်းတွင် တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့ပြီး ထရန့်အစိုးရအဖွဲ့သည် သွင်းကုန်စည်းကြပ်ခွန်ဗျူဟာတစ်ခုလုံးကို ဖျက်သိမ်းလိုက်သင့်သည်ဟု ပြောကြားခဲ့သည်။ Source: https://news-eleven.com/article/302021

## ကုန်သွယ်မှုတိုးမြှင့်နိုင်ရန်အတွက် ထိုင်းနှင့် ဘူတန်နိုင်ငံတို့အကြား လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ် ချုပ်ဆိုခဲ့

ထိုင်းနှင့် ဘူတန်တို့အကြား နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အဆိုပါသဘောတူစာချုပ်ပါ အခွန်ကင်းလွတ်ခွင့်များကြောင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအကြား အပြန်အလှန်အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း၊ ထိုင်းနှင့် နိုင်ငံအများအပြားအကြား ကုန်သွယ်ရေးသဘောတူစာချုပ် ၁၇ ခု ထိ ရှိပြီဖြစ်ကြောင်း၊ ယင်းစာချုပ်သည် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ပါကစ္စတန်နှင့် မော်လဒိုက်တို့ပါဝင်သည့် တောင်အာရှလွတ်လပ်သော ကုန်သွယ်ရေးဇရိယာ (South Asian Free Trade Area-Safa)အလွန် စီးပွားရေး ဆက်သွယ်မှုကိုတိုးချဲ့မည့် တောင်အာရှပြင်ပဘူတန်၏ ပထမဆုံးလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုသည် ဘတ် ၄၆၀ သန်းကျော်ထိရောက်ရှိခဲ့ပြီး ထိုင်း၏ ပို့ကုန်သည် ဘတ် ၄၅၇ သန်းနှင့် သွင်းကုန်သည် ဘတ် ၃ ဒသမ ၄၇ သန်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ အဓိကပို့ကုန်များမှာ မော်တော်ကားနှင့် ဆက်စပ်ပစ္စည်းများ၊ ဂျုံထုတ်ကုန်များ၊ ပြုပြင်ပြီးအစားအစာ၊ မိုက်ခရိုဝေ့ဗ်မီးဖိုများ၊ အဖျော်ယမကာများနှင့် ပြုပြင်ပြီး သစ်သီးစည်သွပ်ဘူးများဖြစ်ကြောင်း၊ ဘူတန်၏ အဓိကပို့ကုန်များမှာ ဟင်းသီးဟင်းရွက်များ၊ သစ်သီး၊ လေယာဉ်နှင့်ဆက်စပ်ပစ္စည်းများ၊ မော်တော်ကားအစိတ်အပိုင်းများ၊ ကျွန်းသစ်၊ သစ်နှင့် သစ်သားထုတ်ကုန်များ၊ သတ္တုရည်၊ အချိုရည်နှင့် အရက်စသည့် အဖျော်ယမကာများဖြစ်ကြောင်း သိရသည်။

Source: www.bangkokpost.com , (သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_22042025_13:23

## ဥရောပသို့ Nord Stream ဓာတ်ငွေ့ ပေးပို့မှုများကို ပြန်လည်စတင်ရန် ရုရှားနှင့် အမေရိကန် ဆွေးနွေး

မော်စကိုနှင့် ဝါရှင်တန်တို့သည် Nord Stream ပိုက်လိုင်းမှတစ်ဆင့် ဥရောပသို့ ဓာတ်ငွေ့ပေးပို့မှုများ ပြန်လည်စတင်နိုင်ခြေကို လက်ရှိတွင်ဆွေးနွေးနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergei Lavrov က မတ်လ ၂၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ Lavrov က " ဥရောပနှင့် ၎င်း၏စီးပွားရေးလုပ်ငန်းများအတွက် လောင်စာဆီ ကုန်ကျစရိတ်သည် အမေရိကန်စီးပွားရေးလုပ်ငန်းများထက် အဆများစွာ မြင့်မားသည်" ဟု ဆိုခဲ့သည်။

ဥရောပသည် ရာသီဥတုအေးမှုကြောင့် ယခုဆောင်းရာသီတွင် ဓာတ်ငွေ့ ၁၀ ဘီလီယံကုဗမီတာ (bcm) သုံးစွဲခဲ့သောကြောင့် EU သိုလှောင်ကန်များမှ ဓာတ်ငွေ့ပမာဏသည်လည်း သုံးနှစ်အတွင်း ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားသဖြင့် ဓာတ်ငွေ့အကျပ်အတည်းအသစ်နှင့် ရင်ဆိုင်နေရသည်။

ထို့ပြင် ယူကရိန်းသည် ဇန်နဝါရီလ ၁ ရက်နေ့တွင် ရုရှားမှ ဥရောပသို့ ဓာတ်ငွေ့တင်ပို့မှုကို ရပ်ဆိုင်းလိုက်သည့်အပြင် ဈေးကွက်များထဲမှ တခြားဓာတ်ငွေ့ ၁၀ ဘီလီယံကုဗမီတာခန့် ဖယ်ရှားခဲ့သည်ဟု သိရသည်။ အဆိုပါ ဓာတ်ငွေ့များသည် တစ်နေရာမှရရှိသော ရင်းမြစ်များဖြစ်ပြီး မပျက်စီးဘဲကျန်ရှိနေသော Nord Stream ပိုက်လိုင်းများကို မတ်လ ၂၇ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ပြီး ဂျာမနီနိုင်ငံသို့ ဓာတ်ငွေ့ ၂၅ ဘီလီယံ ကုဗမီတာခန့် ပို့ဆောင်ပေးမည်ကို သိရသည်။

အီးယူသည် နွေရာသီတွင် ဓာတ်ငွေ့ဈေးနှုန်းမြင့်တက်ခြင်းကို ကာကွယ်ရန်အတွက် ဓာတ်ငွေ့သိုလှောင်ကန်များသို့ ၉၀ ရာခိုင်နှုန်းပြည့်ရန် နိုဝင်ဘာ ၁ ရက်နေ့ထိ နောက်ဆုံးထား၍ လိုအပ်သည့် စည်းမျဉ်းများကို ဖြေလျှော့ရန် မကြာသေးမီက အကြံပြုခဲ့သည်။ သို့ရာတွင် ဥရောပနိုင်ငံအများစုသည် ရုရှားနိုင်ငံမှ ဓာတ်ငွေ့များဝယ်ယူသုံးစွဲရန် အပြတ်အသတ်ဆန့်ကျင်နေကြသည်။

ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့ဝယ်ယူခြင်းကို ဥရောပမှ တားမြစ်ပိတ်ပင်ထားသော်လည်း ယခင်နှစ် တင်ပို့မှုသည် တောင်ပိုင်း TurkStream ပိုက်လိုင်းမှတစ်ဆင့် ဥရောပသို့ ခန့်မှန်းခြေ ၃၅ ဘီလီယံကုဗမီတာ ရောက်ရှိလာမှုနှင့်အတူ ၁၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး နောက်ထပ် ဓာတ်ငွေ့ ၄၈ ဘီလီယံကုဗမီတာ LNG အဖြစ် ရောက်ရှိလာတယ်လို့ သိရသည်။ ခြုံငုံလိုက်သော် ရုရှားနိုင်ငံသည် အီးယူဓာတ်ငွေ့ တင်ပို့မှု၏ ၁၅ ရာခိုင်နှုန်းခန့် ကျန်ရှိနေသေးကြောင်း သိရသည်။ ဆွေးနွေးပွဲ အဆုံးသတ်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး Lavrov က အမေရိကန်တွေ ဥရောပအပေါ် သူတို့၏ဩဇာလွှမ်းမိုးမှုကို အသုံးပြုပြီး ရုရှားဓာတ်ငွေ့ကို မငြင်းပယ်ရန် အတင်းအကြပ် လုပ်မည်ဆိုပါက စိတ်ဝင်စားစရာကောင်းကြောင်း ပြောကြားခဲ့သည်။

Source: https://doca.gov.mm/my/node/35196

## အမေရိကန်အခွန်များသည် ထိုင်းနိုင်ငံ၏ GDP ကို ကျဆင်းစေနိုင်ကြောင်း Joint Standing Committee on Commerce, Industry and Banking (JSCCIB) က သုံးသပ်ပြောကြားခဲ့

အမေရိကန်သည် စီစဉ်ထားသည့်အတိုင်း ဧပြီလ ၂ ရက်နေ့မှစ၍ အပြန်အလှန်အခွန်ကောက်ခံမှု ပြုလုပ်ပါက ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ GDP တိုးတက်မှုသည် သုည ဒသမ ၂ ရာခိုင်နှုန်းမှ သုည ဒသမ ၆ ရာခိုင်နှုန်း ရှိနိုင်ကြောင်း ထိုင်းစက်မှုနယ်ပယ်ခေါင်းဆောင်များက ခန့်မှန်းထားကြောင်း သိရသည်။

ပုဂ္ဂလိကကဏ္ဍသည် မသေချာမှုများအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အမေရိကန်၏အပြန်အလှန်အခွန်ကြောင့် ထိုင်းနိုင်ငံ၏ GDP ကို သုည ဒသမ ၂ ရာခိုင်နှုန်းမှ သုည ဒသမ ၆ ရာခိုင်နှုန်း လျော့နည်းစေနိုင်မည်ဟု ကနဦးခန့်မှန်းထားပြီး အမှန်တကယ်သက်ရောက်မှုကိုလည်း စောင့်ကြည့်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသည် အမေရိကန်နှင့် ကုန်သွယ်မှုပိုငွေဖြစ်ပေါ်နေသည့်နိုင်ငံများထဲမှ တစ်ခုဖြစ်ပြီး အီလက်ထရောနစ်၊ မော်တော်ကားနှင့် ဆက်စပ်ပစ္စည်းများ၊ ရေနံဓာတုတို့သည် အမေရိကန်အခွန်အသစ်အောက်တွင် ဆုံးရှုံးမှုအမြင့်ဆုံးကြုံတွေ့ရနိုင်ကြောင်း၊ အမေရိကန်ဈေးကွက်နှင့် ချိတ်ဆက်မှုနိုင်မာသော တရုတ်ကဲ့သို့သော ကုန်သွယ်ရေးမိတ်ဖက်များထံမှလည်း သွယ်ဝိုက်သော သက်ရောက်မှုရှိနိုင်ကြောင်း၊ တရုတ်ကုန်စည်များ ထိုင်းနိုင်ငံအတွင်းသို့ အများအပြားဝင်ရောက်လာနိုင်ပြီး ကုန်သွယ်ရေးညှိနှိုင်းမှုများအရ ထိုင်းနိုင်ငံသို့ အမေရိကန်ပို့ကုန်မြင့်တက်လာနိုင်ကြောင်း ထိုင်းစက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ Mr. Tawee Piyawatana က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် အဓိကဖြစ်သော ခရီးသွားလုပ်ငန်းသည်လည်း ယခုနှစ်တွင် တရုတ်ခရီးသွားဝင်ရောက်မှုကျဆင်းနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် တရုတ်စီးပွားရေးကျဆင်းနေမှုနှင့် အမေရိကန်အခွန်ကြောင့် ကုန်သွယ်ရေးတင်းမာမှုအရှိန်မြင့်တက်လာနိုင်မှုတို့ကြောင့်ဖြစ်ကြောင်း ဖြည့်စွက်ပြော ကြားခဲ့သည်။

ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ဘဏ်သုံးစွဲသူများအတွက် အိမ်ရာပြင်ဆင်ခြင်းနှင့် ချေးငွေပြန်လည် တည်ဆောက်နိုင်ရေးအတွက် ထပ်ဆောင်းချေးငွေသတ်မှတ်ချက်များအပါအဝင် အကူအညီများပေးအပ်သွားမည်ဖြစ်ကြောင်း ထိုင်းဘဏ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးချုပ် Mr. Kobsak Duangdee က ပြောကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်များသည် နိုင်ငံ၏ကြိုတင်ပြင်ဆင်နိုင်စွမ်းနှင့် အကျအဆုံးစီမံခန့်ခွဲမှုကို ပိုမိုခိုင်မာလာစေသည့် အခွင့်အလမ်းဖြစ်ကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုမှသည် ပြည့်စုံပြီး နောက်ဆုံးအချက်အလက်များကို ရရှိစေမည်ဖြစ်ကြောင်း၊ ငလျင်ပြီးနောက် အဆောက်အဦများ၏ စိတ်ချလုံခြုံမှုဆိုင်ရာ စစ်ဆေးမှုများနှင့် တည်ဆောက်ပုံများကို စစ်ဆေးသွားမည်ဖြစ်ပြီး ပွင့်လင်းမြင်သာမှုရှိစွာ ထုတ်ဖော်ပြသခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့်ခရီးသွားများအကြား ယုံကြည်မှုကိုရရှိနိုင်မည်ဖြစ်ကြောင်း Joint Standing Committee on Commerce, Industry and Banking(JSCCIB)က သုံးသပ်ထားသည်။ Source: www.bangkokpost.com , (သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_22042025_13:12

### စိန်ခေါ်မှုများရှိသော်လည်း စီးပွားရေးများတိုးတက်လာနိုင်သည်ဟုမျှော်လင့်နိုင်ကြောင်း အင်ဒိုနီးရှားဝန်ကြီး ပြောကြား

အခြေခံအဆောက်အအုံနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းရေးဝန်ကြီး Agus Harimuri Yudhoyono သည် ကမ္ဘာ့အနှံ့ စိန်ခေါ်မှုများရှိသော်လည်း Indonesia နိုင်ငံ၏ စီးပွားရေးသည် ကောင်းစွာတိုးတက်နိုင်သည်ဟု မျှော်မှန်းကြောင်းဖော်ပြခဲ့သည်။ ဝန်ကြီးက လက်ရှိကမ္ဘာ့စျေးကွက်အပြောင်းအလဲများသည် အခက်အခဲများနှင့်ပြည့်နှက်နေပြီး အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုကိုထိန်းသိမ်းနိုင်ရန် ယုံကြည်မှုထားရှိရန်လိုအပ်ကြောင်း ပြောခဲ့သည်။ ထို့ပြင် Yudhoyonoက တစ်ခြားသော နိုင်ငံများသည် အခက်အခဲများနှင့်ရင်ဆိုင်နေရသော်လည်း အင်ဒိုနီးရှားနိုင်ငံအနေဖြင့် စီးပွားရေးတိုးတက်စေနိုင်သော အခွင့်အလမ်းများအပေါ် ဆက်လက်စောင့်ကြည့်နေရမည်ဟု မှတ်ချက်ပြုခဲ့သည်။

ဝန်ကြီးသည် သမ္မတ Prabowo Subianto သတ်မှတ်ထားသော အထွေထွေဦးစားပေးမှုများဖြစ်သည့် အစားအစာနှင့် စွမ်းအင်လုံလောက်ခြင်းများ အသက်ဝင်လာစေရန်အတွက် အခြေခံဆောက်အအုံ၏ အရေးပါမှုကိုထောက်ပြခဲ့သည်။ အစိုးရကလည်း ရွှေ့ပြောင်းလုပ်ငန်းစီမံကိန်းကို အဆင်ပြေစွာဆောင်ရွက်နိုင်ရန်နှင့် ပိုမိုတည်တံ့ပြီး အမျိုးသားစီးပွားရေးကို မြှင့်တင်နိုင်သော စီးပွားရေးအင်အားများ တိုးတက်စေခြင်းအတွက် ကြိုးပမ်း အားစိုက်ထုတ်သွားမည် ဟုသိရသည်။

စိန်ခေါ်မှုများရှိသော်လည်း လက်ရှိစီးပွားရေးအပြောင်းအလဲများကို တုံ့ပြန်နိုင်ရန် အကောင်းဆုံးနည်းလမ်းများနှင့် လျင်မြန်တိကျသော ဆောင်ရွက်မှုများဖြင့် စီးပွားရေးအခြေအနေကို စောင့်ကြည့်ဖော်ထုတ်ရန် လိုအပ်ကြောင်း ဝန်ကြီးက အထူးထောက်ပြခဲ့သည်။ ထို့ပြင် ဝန်ကြီးက အစိုးရမူဝါဒများ၏ အချက်အချာဖြစ်သော လူမှုဖူလုံရေး တိုးတက်စေခြင်းသည် အဓိကဦးတည်ချက်ဖြစ်ကြောင်း ထပ်မံ အသားပေးပြောကြားခဲ့သည်။

Source: https://www.doca.gov.mm/my/node/35195

### အာဖရိက ပန်းတင်ပို့မှု မြှင့်တင်ရန် ကင်ညာတွင် ကျွမ်းကျင်သူများနှင့်တွေ့ဆုံ

အာဖရိကပန်းပင်ပညာရှင်များသည် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တော်၌ မတ်လ ၃၁ ရက်နေ့တွင် စုဝေးကာ အာဖရိကပန်းများတင်ပို့မှုမြှင့်တင်ရေး၊ စျေးကွက်ဝင်ရောက်နိုင်မှု၊ ထောက်ပံ့မှုနှင့် ကွင်းဆက်ထိရောက်မှုတိုးတက်စေရေး မဟာဗျူဟာများကို ဆွေးနွေးခဲ့ကြသည်။

နှစ်ရက်ကြာကျင်းပသော Flower Logistics Africa 2025 သည် အကြီးတန်းအစိုးရအရာရှိများ၊ ထောက်ပံ့ပို့ဆောင်ပေးသူများ၊ လယ်ယာပိုင်ရှင်များ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် စက်မှုလုပ်ငန်းခေါင်းဆောင်များကို အာဖရိက၏ ထိပ်တန်းကမ္ဘာ့ပန်းပင်ရောင်းချသူအဖြစ် ရပ်တည်နိုင်စေမည့် နည်းလမ်းများကိုရှာဖွေရန် အာဖရိက၏ရာထူးကို အားကောင်းစေမည့် နည်းလမ်းများကို ရှာဖွေရန်ခေါ်ယူခဲ့သည်။

Kenya Flower Council ၏ အမှုဆောင်အရာရှိချုပ် Clement Tulezi က အာဖရိကရှိ ပန်းကဏ္ဍတွင် ရင်ဆိုင်နေရသော အကြီးမားဆုံးစိန်ခေါ်မှုမှာ ရိုးရာလေကြောင်းကုန်စည်ပို့ဆောင်နိုင်မှုသည် အကျိုးအမြတ်များသော လမ်းကြောင်းများဆီသို့ ပြောင်းလဲလာခြင်းကြောင့် ကုန်စည်ပို့ဆောင်ခ မြင့်တက်လာခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ အာဖရိက၏ ထိပ်တန်းပန်းတင်ပို့ရောင်းချသူဖြစ်သည့် ကင်ညာသည် တရုတ်နှင့် ဂျပန်တို့ကဲ့သို့ စျေးကွက်သစ်များသို့ ခွဲဝေသုံးစွဲခြင်းဖြင့် ကဏ္ဍမှ ဝင်ငွေတိုးရန်ကြိုးပမ်းနေကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။ Astral Aviation ၏ ကူးသန်းရောင်းဝယ်ရေးအရာရှိချုပ် Patricia Odida က တိုက်ရိုက်ပျံသန်းမှုများနှင့် ကုန်တင်လမ်းကြောင်းများသည် လက်တင်အမေရိကရှိ ပန်းထုတ်လုပ်သူများနှင့် အာဖရိကပန်းတင်ပို့ ရောင်းချသူများကို ယှဉ်ပြိုင်နိုင်စေမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

Source: https://www.doca.gov.mm/my/node/35279

## ပြည်တွင်းကုန်သွယ်မှုသတင်း

### ပြည်တွင်းရော်ဘာကုန်ကြမ်းများ အသုံးပြု၍ အဆင့်မြင့်ကုန်ချောများ ထုတ်လုပ်တင်ပို့

မြန်မာနိုင်ငံတွင် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတို့တွင် စုစုပေါင်းဧက ၁ ဒသမ ၆ သန်းကျော်စိုက်ပျိုးထားသည်။ ရော်ဘာအစေးခြစ်ဧက တစ်သိန်းနီးပါးမှ နှစ်စဉ်ရော်ဘာ တန်ချိန် သုံးသိန်းကျော်ထွက်ရှိရာ ပြည်တွင်း၌ တန်ချိန် နှစ်သောင်းကျော်ခန့်ကိုသာ သုံးစွဲပြီး ကျန်တန်ချိန် သုံးသိန်းခန့်ကို ပြည်ပသို့ တင်ပို့ရောင်းချနေခြင်းဖြစ်သည်။

ပြည်ပသို့ ရော်ဘာတင်ပို့ရောင်းချခြင်းမှ တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ သန်း ၂၅၀ မှ ၄၅၀ ကြားတွင် ရရှိရာ ၎င်းပြည်ပဝင်ငွေသည် စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ရော်ဘာကို ကုန်ကြမ်းအတိုင်းတင်ပို့ခြင်းမှ ရရှိနေခြင်းဖြစ်သည်။ မတ်လ ၂၅ ရက်က ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရော်ဘာကုန်ချောထုတ်လုပ်ရေးနှင့်စပ်လျဉ်း၍ "ဒေသတွင်း၌ ဈေးကွက်လိုအပ်ချက်ရှိသည့် ရော်ဘာနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာအခြေခံ ကုန်ကြမ်းများကို အသုံးပြု၍ အဆင့်မြင့်ကုန်ချော ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအနေဖြင့် မိမိတို့ နိုင်ငံပတ်ဝန်းကျင်တွင် တရုတ်နိုင်ငံအနေဖြင့် လူဦးရေ ၁ ဒသမ ၄၂ ဘီလီယံကျော်၊ အိန္ဒိယနိုင်ငံအနေဖြင့် လူဦးရေ ၁ ဒသမ ၄၆ ဘီလီယံကျော်၊ အာဆီယံနိုင်ငံများ လူဦးရေ ၁၇၃ မီလီယံကျော်ရှိပြီး ကမ္ဘာ့လူဦးရေထက်ဝက် နီးပါး နေထိုင်ကြကြောင်း၊ အားလုံးဖိနပ်စီးကြကြောင်း၊ ဖိနပ်အတွက် ရော်ဘာ၊ သားရေလိုအပ်ချက်မည်မျှကြီးသည်ကို တွက်ကြည့်နိုင်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် မော်တော်ကားမျိုးစုံ ၁ သန်းခန့်၊ မော်တော်ဆိုင် ကယ်မျိုးစုံ ၅ သန်းခန့်ရှိပြီး အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့တွင် မြောက်မြားစွာရှိကြောင်း၊ ယင်းတို့အတွက် တာယာနှင့်ကျွတ် များစွာလိုအပ်မည်ဖြစ်၍ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ရော်ဘာစိုက်ပျိုးခဲ့သည့် သက်တမ်းရှည်ကြာလှပြီဖြစ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့ရာတွင် လက်ရှိမြန်မာ့ရော်ဘာ၏ အရည်အသွေးနှင့် အထွက်နှုန်းတို့မှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ် စသည့် အာဆီယံ ဒေသတွင်း ရော်ဘာစိုက်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အားနည်းနိမ့်ကျသည့် အခြေအနေတွင်ရှိနေခဲ့ရာ ရော်ဘာထုတ်လုပ်မှုနှင့် အရည်အသွေးတိုးတက်မြင့်မားရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ရော်ဘာအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအဖွဲ့အစည်းများ၊ မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ထွက်ပေါ်လာစေရေးဟူသော ရည်ရွယ်ချက်များဖြင့် လွန်ခဲ့သည့် ၂၀၂၃ ခုနှစ်အတွင်း မြန်မာရော်ဘာဖိုရမ်ကို ကျင်းပခဲ့သည်။ ယင်းမတိုင်မီ ၂၀၁၈ ခုနှစ်ကလည်း ရော်ဘာဖိုရမ်ကိုကျင်းပခဲ့ရာ အဆိုပါဆွေးနွေးပွဲနှစ်ရပ်မှ ရလဒ်များနှင့် အကောင်အထည်ဖော်မှုများမှာ ၇ နှစ်ခန့်ကြာမြင့်ဖြစ်သည့်ကာလအတွင်း အမှန်တကယ်ဆောင်ရွက်ခြင်းအားဖြင့် တိုးတက်မှု ကို ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၌ အရင်းအမြစ်ကောင်းများ ပိုင်ဆိုင်ထားသော်လည်း အောင်မြင်အောင်လုပ်ဆောင်နိုင်မှုတွင် အားနည်းလျက်ရှိကြောင်း နိုင်ငံ့အကြီးအကဲက ထောက်ပြထားသည်။ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ ပိုမိုထွက်ရှိလာအောင် တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်ရေး၊ ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ ထူထောင်၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ရေး၊ ပြည်ပသို့ ကုန်ကြမ်းအတိုင်း တင်ပို့မည့်အစား အရည်အသွေးကောင်းမွန်သည့် ကုန်ချောများ ထုတ်လုပ်တင်ပို့နိုင်ရေးတို့အတွက် လက်တွေ့ကျကျကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သည်။

Source: မြန်မာ့အလင်းသတင်းစာ

## စက်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် နှစ်ခု ခွင့်ပြု

ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ စက်မှုကဏ္ဍမှာဝင်ရောက်ရင်းနှီးမြှုပ်နှံဖို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၂ ခုကိုရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ(YRIC)က အတည်ပြုပေးလိုက်သည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရဲ့ ၄ /၂၀၂၅ ကြိမ်မြောက် အစည်းအဝေးမှာ အဲဒီလုပ်ငန်း သစ် ၂ ခုကို အတည်ပြုပေးလိုက်တာဖြစ်သည်။

စက်မှုကဏ္ဍမှာ ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂ ခုတို့ကို အတည်ပြုပေးခဲ့တာဖြစ်သည်။ အဲဒီလုပ်ငန်း ၂ ခုဟာ ပြည်ပကို ၂၀ ရာခိုင်နှုန်းတင်ပို့ပြီး ပြည်တွင်းမှာ ၈၀ ရာခိုင်နှုန်းရောင်းချမဲ့ သစ်အခြေခံ သစ်သားပြားအမျိုးမျိုး၊ ပရိဘောဂအမျိုးမျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းနဲ့ CMP စနစ်နဲ့ အထည်အမျိုးမျိုးချုပ်လုပ်တဲ့ လုပ်ငန်းများဖြစ်သည်။ ဒီလုပ်ငန်းတွေရဲ့ မတည်ငွေရင်းပမာဏက အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၇၇ သန်းဖြစ်ပြီး အဲဒီလုပ်ငန်းတွေကနေ ပြည်တွင်းမှာ လုပ်သား ၁,၀၀၀ ကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဟု သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးမှာ ရင်းနှီးမြှုပ်နှံမှု မတည်ငွေရင်း တိုးမြှင့်တဲ့ ကုမ္ပဏီ ၃ ခုနဲ့ အထွေထွေကိစ္စရပ်တင်ပြတဲ့ ကုမ္ပဏီ ၁၂ ခုရဲ့ တင်ပြချက်တွေကို ဆွေးနွေးဆုံးဖြတ်ခဲ့တယ်လို့ သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အခုထပ်မံ ခွင့်ပြုပေးလိုက်တဲ့ လုပ်ငန်း ၂ ခုအပါအဝင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုစုပေါင်း ၉ ခု ဝင်ရောက်ရင်းနှီးမြှုပ်နှံထားပြီး ဖြစ်သည်။ Source: https://onenewstvchannel.com/business/market/

# ပြည်ပကုန်သွယ်မှုသတင်း

## ဆော်ဒီအာရေးဗျနိုင်ငံသို့ ငါးတင်ပို့ရန် စက်ရုံ ၂၁ ခု ပြင်ဆင်

ဆော်ဒီအာရေဗျနိုင်ငံသို့ မွေးမြူရေးရေချိုငါးတွေကို တင်ပို့နိုင်ရန်အတွက် အအေးခန်းစက်ရုံ ၂၁ ခု ပြင်ဆင်ဆောင်ရွက်နေတယ်လို့ ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ဆော်ဒီအာရေးဗျနိုင်ငံကို မြန်မာ့မွေးမြူရေးရေချိုငါးတွေ တင်ပို့မယ်ဆိုရင် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်တစ်ခု ဖြစ်တဲ့ အကောင်းဆုံးငါးမွေးမြူရေးကျင့်စဉ် ( Best Aquaculture Practice ) ပါမှ လက်ခံမှာ ဖြစ်သည်ဟု သိရသည်။

စက်ရုံ ၂၁ ခုက အကောင်းဆုံးငါးမွေးမြူရေးကျင့်စဉ်နဲ့ ပတ်သက်ပြီး လိုက်နာဆောင်ရွက်ထားတဲ့ အခြေအနေတွေကို ဆော်ဒီအာရေးဗျနိုင်ငံကို ပေးပို့ထားပြီဖြစ်ပြီး လက်ရှိမှာ မြန်မာနိုင်ငံရဲ့ငါးရောဂါတွေနှင့်ပတ်သက်သော နောက်ဆုံးအခြေအနေကို တင်ပြဖို့စီစဉ်နေတယ်လို့ ငါးလုပ်ငန်းဦးစီးဌာနရဲ့ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ပြောသည်။

ငါးကန်တွေအနေနဲ့ ကြက်၊ ဝက်၊ ငါး တွဲဖက်မွေးမြူတဲ့ငါးကန်တွေကငါးတွေကို ဆော်ဒီအာရေးဗျနိုင်ငံ ဘက်က လက်မခံဘူးလို့ သိရသည်။

အကောင်းဆုံး ငါးမွေးမြူရေးကျင့်စဉ်ဆိုတာ ရေသတ္တဝါတွေမွေးမြူထုတ်လုပ်ရာမှာ နိုင်ငံတကာအစားအစာ ဘေး အန္တရာယ်ကင်းစင်မှုစံချိန်စံညွှန်း စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် မွေးမြူထုတ်လုပ်တဲ့ ကျင့်စဉ်ဖြစ်တယ်လို့ သိရသည်။

လက်ရှိမှာ ဆော်ဒီအာရေးဗျနိုင်ငံကို မြန်မာ့သဘာဝရေချိုရေငန်ငါးတွေကိုတော့ ပုံမှန်တင်ပို့နေပြီး တင်ပို့မှုကနေ တစ်နှစ်ကို ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅ဝ လောက်ရရှိနေသည်။

မွေးမြူရေးရေချိုငါးတွေကိုပါတင်ပို့နိုင်ရင် အမေရိကန်ဒေါ်လာ သန်း ၁ဝဝ လောက်အထိ ရရှိလာမယ်လို့ ပို့ကုန် လုပ်ငန်းရှင်တွေက ခန့်မှန်းထားကြသည်။

မြန်မာနိုင်ငံက ငါး၊ ပုဇွန်၊ ကဏန်းနဲ့ အခြားရေထွက်ကုန်ပစ္စည်းတွေကို ဂျပန်၊ တရုတ်၊ ထိုင်း ဥရောပနိုင်ငံတွေ အပါအဝင် အခြားနိုင်ငံပေါင်း ၄ဝ ကို ငါးသလောက် ၊ ကကတစ် ၊ ငါးမြစ်ချင်း ၊ ငါးခုံးမ ၊ ငါးတန်စတဲ့ ငါးအမျိုးအစားပေါင်း ၂ဝ ကျော် တင်ပို့နေသည်။

ပြီးခဲ့တဲ့ ၂ဝ၂၄ -၂ဝ၂၅ ဘဏ္ဍာနှစ် ဧပြီလ ကနေ ဖေဖော်ဝါရီလအထိ ပြည်ပကို ရေထွက်ကုန်တန်ချိန် ၅ သိန်း ၅ သောင်း ကျော်တင်ပို့ခဲ့ပြီး ပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၇၂၂ သန်းကျော်ရရှိထားတယ်လို့ ငါးလုပ်ငန်းဦးစီးဌာနရဲ့ စာရင်းတွေ အရသိရသည်။ Source: https://onenewstvchannel.com/business/

## ယခင်နှစ်ထက်ဈေးကောင်းရနေတဲ့ ရေဒေသထွက်ကွမ်းသီးနု(အရည်သောက်) ဈေးကွက်

ရေဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၊ ဖျာပုံခရိုင်တို့တွင် ကွမ်းသီးပင်များ အများဆုံးစိုက်ပျိုးလျက်ရှိပြီး ထွက်ရှိလာသော ကွမ်းသီးအရင့်များကို ပြည်တွင်းတွင် သုံးစွဲလျက် ကွမ်းသီးအနု(အရည်သောက်)များကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ယခင်နှစ်ကွမ်းသီးအနု(အရည်သောက်)ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၃,၃ဝဝ ဈေးနှုန်းသာ ရှိ၍ ယခုနှစ်တွင် တစ်ပိဿာလျှင် ကျပ် ၅,၂ဝဝ ဈေးရရှိသဖြင့် ယခင်နှစ်ထက် တစ်ပိဿာ ၂,ဝဝဝ ကျပ်ဝန်းကျင် ဈေးနှုန်း ပိုမိုရရှိပြီး ကွမ်းသီးစိုက်ပျိုးသော တောင်သူများ ဈေးကောင်းရလျက်ရှိကြောင်း ဈေးကွက်မှသိရသည်။

ကွမ်းသီးအနုထွက်ရှိချိန်မတ်လ ဈေးကွက်အတွင်း စတင်ဝင်ရောက်မှုရှိသော်လည်း ဇွန်၊ ဇူလိုင်လများတွင် အသီးလှိုင် လှိုင်ဝင်၍ ဩဂုတ်လရောက်လျှင် ကွမ်းသီးအနုမထွက်ရှိသောကြောင့် အရောင်းအဝယ်ရာသီပြီးဆုံးသွားကြောင်း ကွမ်းသီးအနု ထွက်ရှိချိန် တရုတ်ဝယ်လက်များမှ မြောင်းမြမြို့ပေါ်တွင် ကိုယ်စားလှယ်ထားရှိပြီး အဝယ်ဒိုင်များဖွင့်လှစ်ဝယ်ယူ၍ ကျေးရွာများ ရှိ လက်လီဒိုင်ခွဲ ၃ဝ / ၄ဝ မှ လာရောက်ရောင်းချလျက်ရှိကြောင်း သိရသည်။

ကွမ်းသီးအနုဝယ်ယူရာတွင် ကွမ်းသီးအဝိုင်းဝယ်ယူမှုမရှိဘဲ ဒေသအခေါ် ဘဲဥချွန်း၊ ကပ်ချွန်း၊ မျှောချွန်း ပုံစံရှိသော အလေးချိန် ၁၉ ဂရမ်နှင့် ၃၇ ဂရမ်အတွင်းရှိ ကွမ်းသီးအစိမ်းရောင်အနုကိုသာ ဝယ်ယူပြီး အဝါရောင်ရှိသော ကွမ်းသီးများကို ဝယ်ယူမှုမရှိကြောင်း ကွမ်းသီးအနုအရောင်းအဝယ်ဖြစ်သည့်ကာလများတွင် ကွမ်းပင်တက်သောဒေသခံများမှာ မြောင်းမြခရိုင်၊ ဖျာပုံခရိုင်အတွင်း မြို့နယ်များနှင့် အခြားမြို့နယ်များရှိ ကွမ်းစိုက်ပျိုးသောတောင်သူများ၏ စိုက်ခင်းများသို့ ဈေးကွက်ဝင်သော ကွမ်းသီးအနုများကို လိုက်လံဝယ်ယူကာ လက်လီအဝယ်ဒိုင်ခွဲများသို့ လာရောက်ရောင်းချလျက် အလုပ်အကိုင်အခွင့်အလမ်း များရရှိပြီး တစ်နေ့ဝင်ငွေကျပ် ၁၅,ဝဝဝ- ၂ဝ,ဝဝဝ ကျပ်ဝန်းကျင်ရရှိနေကြောင်း သိရသည်။

ရေဝတီတိုင်းဒေသကြီးအတွင်း ကွမ်းသီးစိုက်ဧက ၂၁,၈၆၂ ရှိပြီး မြောင်းမြခရိုင်တွင် ၃,၅၆၉ ဧကနှင့် ဖျာပုံခရိုင်တွင် ၁၁,၆၃၂ ဧကစိုက်ပျိုးလျက် ထွက်ရှိလာသောကွမ်းသီးအနုများကို တရုတ်နိုင်ငံမှ ဝယ်ယူလျက်ရှိပြီး မြောင်းမြမြို့ပေါ် အဝယ်ဒိုင် များမှဝယ်ယူ၍ ကွမ်းသီးအနု တစ်အိတ်လျှင် ပိဿာ ၃ဝ ထည့်သွင်းပြီး တစ်ဒိုင်လျှင် နေ့စဉ် တစ်နေ့ အိတ်ရေ ၂ဝဝ နှင့် ၃ဝဝ အထက် ရန်ကုန်မြို့သို့ တင်ပို့လျက် ထန်းတပင်၊ လှိုင်သာယာ စက်ရုံများတွင် ကွမ်းသီးအနုများကိုပြုတ်၍ တရုတ်နိုင်ငံသို့တင်ပို့ လျက်ရှိပြီး တရုတ်နိုင်ငံတွင် အဆိုပါ ကွမ်းသီးအနုများကို ပြန်ပေါင်း၍ ကုန်ချောပြုလုပ်ကာ ဗီကေအစား သုံးစွဲလျက်ရှိကြောင်း သိရသည်။ Source: https://www.doca.gov.mm/my/node/35265

## အထူးဆောင်းပါးများ

### အမေရိကန်သမ္မတက ကုန်သွယ်ဘက်နိုင်ငံများအပေါ် အပြန်အလှန်သွင်းကုန်ခွန် ချမှတ်သည့်အစီအစဉ်၌ မြန်မာသွင်းကုန်များအပေါ်သွင်းကုန်ခွန် ၄၄ ရာခိုင်နှုန်း ကောက်ခံရန် ချမှတ်ခဲ့ခြင်း

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် မျှတမှုမရှိသောကုန်သွယ်ရေးမူဝါဒ (Unfair trade policy) အပေါ် အရေးယူဆောင်ရွက်ရန် အမေရိကန်နိုင်ငံ၏ကုန်သွယ်မှုလိုငွေပြနေသည့်နိုင်ငံများအား အပြန်အလှန်သွင်းကုန်ခွန် (Reciprocal Tariffs) သတ်မှတ်ကောက်ခံမည်ဖြစ်ကြောင်း ၂၀၂၅ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် သမ္မတအမိန့် (Executive Order) ထုတ်ပြန်ခဲ့သည်။

အဆိုပါအပြန်အလှန် သွင်းကုန်ခွန် ကောက်ခံရန်ထုတ်ပြန်ရာတွင် အမေရိကန်သမ္မတက ၂၀၂၅ ခုနှစ် ဧပြီလ ၂ ရက်နေ့သည် အမေရိကန်နိုင်ငံသားများ အားလုံးအတွက် လွတ်မြောက်မှုနေ့ (Liberation Day) ဖြစ် သကဲ့သို့ အမေရိကန်နိုင်ငံသည် "စီးပွားရေးအရ အမှီအခိုကင်းသည့်ကြေညာချက် (Our declaration of economic dependence)ကို ထုတ်ပြန်နိုင်ခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သမ္မတသည် အပြန်အလှန်သွင်းကုန်ခွန်ကောက်ခံမည့် နိုင်ငံ/ဒေသ ၁၈၅ ခုကို ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံသည် အမေရိကန်နိုင်ငံ၏ ကုန်ပစ္စည်းများအပေါ် အခွန် ၈၈ ရာခိုင်နှုန်းအထိ ကောက်ခံလျက်ရှိသဖြင့် မြန်မာနိုင်ငံမှ သွင်းကုန်များအပေါ် သွင်းကုန်ခွန် ၄၄ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကြောင်း၊ ယင်းသို့ သွင်းကုန်ခွန် ကောက်ခံရာတွင် အာဆီယံနိုင်ငံများအား အောက်ပါအတိုင်းကောက်ခံမည်ဖြစ်ကြောင်းနှင့် ယင်းသို့စည်းကြပ် ကောက်ခံမည့် သွင်းကုန်ခွန်သည် ၂၀၂၅ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် အသက်ဝင် မည်ဖြစ်ကြောင်း သိရသည်။

| စဉ် | နိုင်ငံအမည် | သွင်းကုန်ခွန်သတ်မှတ်ကောက်ခံမည့် ပမာဏ (ရာခိုင်နှုန်း) |
|---|---|---|
| ၁။ | ဘရူနိုင်းဒါရုဆလမ် | ၂၄ ရာခိုင်နှုန်း |
| ၂။ | ကမ္ဘောဒီးယား | ၄၉ ရာခိုင်နှုန်း |
| ၃။ | လာအို | ၄၈ ရာခိုင်နှုန်း |
| ၄။ | အင်ဒိုနီးရှား | ၃၂ ရာခိုင်နှုန်း |
| ၅။ | မလေးရှား | ၂၄ ရာခိုင်နှုန်း |
| ၆။ | မြန်မာ | ၄၄ ရာခိုင်နှုန်း |
| ၇။ | ဖိလစ်ပိုင် | ၁၇ ရာခိုင်နှုန်း |
| ၈။ | စင်ကာပူ | ၁၀ ရာခိုင်နှုန်း |
| ၉။ | ထိုင်း | ၃၆ ရာခိုင်နှုန်း |
| ၁၀။ | ဗီယက်နမ် | ၄၆ ရာခိုင်နှုန်း |

သမ္မတအမိန့်အရ အမေရိကန်နိုင်ငံက သွင်းကုန်ခွန်ကောက်ခံမည့် နိုင်ငံ/ဒေသ အသေးစိတ်စာရင်းသည် အထက်ဖော်ပြပါအတိုင်း ဖြစ်သည်။

**ကနေဒါ၊ တရုတ် နှင့် ဥရောပသမဂ္ဂက တုံ့ပြန်ချက်များ**

အမေရိကန်နိုင်ငံက ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့မှ သွင်းကုန်များအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံမှ သွင်းကုန်များအပေါ် သွင်းကုန်ခွန် ၂၀ ရာခိုင်နှုန်းကောက်ခံမှုအပေါ် ယင်းနိုင်ငံများမှ တုံ့ပြန်ချက်များနှင့် အမေရိကန်နိုင်ငံသို့ တင်သွင်းသည့် သံမဏိနှင့် အလူမီနီယံသွင်းကုန်အားလုံးအပေါ် ၂၅ ရာခိုင်နှုန်းကောက်ခံခဲ့ခြင်းအပေါ် ဥရောပသမဂ္ဂက တုံ့ပြန်မှုများကို ကိုးကားနိုင်ပါရန် အောက်ပါအတိုင်း သိရသည်။

(က) ကနေဒါနိုင်ငံက အမေရိကန်နိုင်ငံ၏ကုန်ပစ္စည်းပေါင်း (၁၀၀)ကျော် (ကနေဒါဒေါ်လာ ဘီလီယံ ၃၀ သို့မဟုတ် အမေရိကန်ဒေါ်လာဘီလီယံ ၂၀ ခန့်)ကို သွင်းကုန်ခွန် (၂၅) ရာခိုင်နှုန်း ကောက်ခံသွားမည် ဖြစ်ကြောင်း ကနဦးတုံ့ပြန်ခဲ့သည်။

(ခ) တရုတ်နိုင်ငံက အမေရိကန်နိုင်ငံ၏ အဓိကစိုက်ပျိုးရေး သွင်းကုန်များဖြစ်သော ကြက်သား၊ ဂျုံ၊ ပြောင်းနှင့် ဝါသွင်းကုန်များအပေါ် ၁၅ ရာခိုင်နှုန်း၊ ဝက်သား၊ အမဲသား၊ ရေထွက်ပစ္စည်း၊ နံ့စားပြောင်း၊ ပဲပုပ်၊ နံ့စားပြောင်း၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်၊ နို့ထွက်ပစ္စည်းအမျိုးမျိုးသွင်းကုန်များအပေါ် ၁၀ ရာခိုင်နှုန်း ထပ်တိုး သတ်မှတ်ကောက်ခံရန်နှင့် အမေရိကန်နိုင်ငံမှအရေးပါသည့်ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ကိုင်မှုအပေါ် ထိန်းချုပ်မှုတိုးချဲ့သတ်မှတ်ရန် ထုတ်ပြန်လျက် တုံ့ပြန်ခဲ့ပြီး တရုတ်နိုင်ငံမှ သွင်းကုန်များအား အမေရိကန်နိုင်ငံက သွင်းကုန်ခွန်တိုးမြှင့်ကောက်ခံမှုသည် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ (World Trade Organization, WTO) ၏ စည်းမျဉ်းများကို ချိုးဖောက်ခြင်းဖြစ်ပြီး ခွဲခြားဆက်ဆံခြင်းဖြစ်သည်ဟု စွပ်စွဲလျက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၌ တိုင်ကြားခဲ့သည်။

(ဂ) ဥရောပသမဂ္ဂက အမေရိကန်နိုင်ငံထုတ် ဝီစကီအပါအဝင် သွင်းကုန်အချို့ကို ၅ဝ ရာခိုင်နှုန်း ကောက်ခံမည့် အစီအစဉ်ဖြင့် တုံ့ပြန်ခဲ့ရာ ယင်းတုံ့ပြန်ချက်အပေါ် အမေရိကန်သမ္မတက ပြင်သစ်ရှန်ပိန်အရက်နှင့် ဥရောပသမဂ္ဂမှ အရက်ပါဝင်သည့် အဖျော်ယမကာထုတ်ကုန်များအပေါ် ၂ဝဝ ရာခိုင်နှုန်းအထိ ကောက်ခံသွားမည် ဟု ပြန်လည်တုံ့ပြန်ခဲ့သည်။

Source: စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။

Source: https://myantrade.gov.mm/article/naypyitaw_09042025%201130

## ထိုင်းနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးသွားရန် စိတ်အားထက်သန်လျက်ရှိ

ကုန်သွယ်ရေးတင်းမာမှုများရှိနေသော်လည်း ထိုင်းနှင့်အမေရိကန်တို့အကြား နှစ်နိုင်ငံအကျိုးကျေးဇူးများကို မြှင့်တင်ရန် ဆွေးနွေးမှုများဆောင်ရွက်သွားရန် ထိုင်းနိုင်ငံအနေဖြင့် စိတ်အားထက်သန်လျက်ရှိကြောင်း သိရသည်။

ထိုင်းထုတ်ကုန်များအပေါ် အခွန်တိုးမြှင့်လိုက်ပါက ဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာ ၇ သန်းမှ ၈ သန်းကြားရှိနိုင်ကြောင်း၊ ဧပြီလ ၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမေရိကန်၏ အပြန်အလှန်အခွန်အပါအဝင် မည်သည့်ကုန်သွယ်ရေးမူဝါဒများအတွက်မဆို ပြင်ဆင်ထားကြောင်း၊ အမေရိကန်က နိုင်ငံသတ်သတ်မှတ်မှတ်အခွန်များ၊ ကုန်စည်သတ်သတ်မှတ်မှတ်အခွန်များ၊ ဆေးဝါးမှောင်ခိုသွင်းခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် လုံခြုံရေး ကဲ့သို့သော ပြဿနာများနှင့်သက်ဆိုင်သည့် ကုန်စည်များအပေါ် အခွန်များနှင့် အပြန်အလှန် အခွန်များစသည်ဖြင့် အမျိုးအစား ၄ ခုကို အဆိုပြုခဲ့ကြောင်း၊ ယင်းအခွန်များကို ကောက်ခံပါက အမေရိကန်ဈေးကွက်သည် ကမ္ဘာ့ကုန်သွယ်ရေး၏ ၄ဝ ရာခိုင်နှုန်းဖွဲ့စည်းထားပြီး ထိုင်းပို့ကုန်များအတွက် အဓိကမိတ်ဖက်ဖြစ်ကြောင်း၊ အမေရိကန်၏ ကနဦးအခွန်ကောက်ခံမှုမှာပင် ထိုင်းပို့ကုန်များအပေါ် သက်ရောက်ပြီးဖြစ်ကြောင်း၊ အထူးသဖြင့် သံမဏိနှင့် အလူမီနီယံတို့ဖြစ်ပြီး သံမဏိအတွက် အခွန်နှုန်းထားမှာ ယခင်သုညရာခိုင်နှုန်းမှ ၁၂ ဒသမ ၅ ရာခိုင်နှုန်းအကြားမှ ၂၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ အလူမီနီယံအတွက် သုညရာခိုင်နှုန်းမှ ၆ ဒသမ ၂၅ ရာခိုင်နှုန်းအကြားမှ ၂၅ ရာခိုင်နှုန်းသို့လည်းကောင်း မတ်လ ၂၅ ရက်နေ့မှစ၍ ကောက်ခံခဲ့ကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr. Vuttikrai Leewiraphan က ပြောကြားခဲ့သည်။

မော်တော်ကားနှင့် ဆက်စပ်ပစ္စည်းများအတွက် အခွန်ကို ယခင်သုညရာခိုင်နှုန်းမှ ၄ ဒသမ ၉ ရာခိုင်နှုန်း အကြားမှ ၂၅ ရာခိုင်နှုန်းသို့ ဧပြီ ၃ ရက်နေ့မှစ၍ ကောက်ခံပြီဖြစ်ကြောင်း၊ အမေရိကန်သည် ထိုင်းသွင်းကုန် အမျိုးအစား ၂ ခုမှ ၃ ခုအကြားကို အခွန်ထပ်တိုးကောက်ခံနိုင်ကြောင်း၊ အထူးသဖြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ သစ်သားနှင့်သစ်တောထွက်ပစ္စည်းများကို အခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံလာနိုင်ကြောင်း၊ ထိုင်းနိုင်ငံသည် အမေရိကန်ကုန်စည်များအပေါ် နှုန်းထားမြင့်မြင့်ကောက်ခံသည့် အပြန်အလှန်အခွန်ကိုလည်း ကြုံတွေ့လာနိုင်ကြောင်း၊ ထိုင်းနိုင်ငံသည် အမေရိကန်နှုန်းထားထက် ၁၁ ရာခိုင်နှုန်းမြင့်မားသည့်နှုန်းထားဖြင့် အမေရိကန်စက်မှုနှင့် စိုက်ပျိုးရေးထုတ်ကုန်များအပေါ် ကောက်ခံခဲ့ကြောင်း၊ အမေရိကန်က တွဲဖက်သည့်အခွန်ကို အပြန်အလှန်ကောက်ခံပါက ထိုင်းနိုင်ငံသည် အမေရိကန်ဒေါ်လာ ၇ ဘီလီယံမှ ၈ ဘီလီယံကြား ဆုံးရှုံးနိုင်ကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းရန် ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်များ၊ ကွန်ဂရက်အဖွဲ့ဝင်များ၊ အခြားအဖွဲ့အစည်းများနှင့် တွေ့ဆုံရန်လိုအပ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် သွင်းကုန်အခွန်လျှော့ချပေးရေး အဆိုပြုနေစဉ်တွင် ကုန်သွယ်ရေးလိုငွေဖြစ်ပေါ်နေမှု ကိုဖြေရှင်းရန် သွင်းကုန်ပမာဏကို တိုးမြှင့်ရန်စဉ်းစားသင့်ကြောင်း၊ အလားအလာရှိသော သွင်းကုန်များမှာ တိရစ္ဆာန်အစာ၊ အမဲသား၊ အရက်နှင့် လေယာဉ်များဖြစ်ကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနက ရေနံစိမ်း၊ ရေနံဓာတု၊ သဘာဝဓာတ်ငွေ့နှင့် Liquefied Natural Gas (LNG) တင်သွင်းရန် ဆွေးနွေးလျက်ရှိပြီး ထိုင်းလေကြောင်းလိုင်း ကလည်း အမေရိကန်မှ လေယာဉ်ဝယ်ယူခြင်း သို့မဟုတ် ငှားရမ်းခြင်းအတွက် စဉ်းစားလျက်ရှိကြောင်း၊ ထိုင်းပုဂ္ဂလိက ကဏ္ဍကလည်း အမေရိကန်တွင် ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသို့ ထုတ်လုပ်မှုအခြေစိုက်များ ရွှေ့ပြောင်းလာခြင်းအပေါ် ကုန်သွယ်ရေးစည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် အခြေအနေကိုကိုင်တွယ်ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနကလည်း တရုတ်နိုင်ငံမှ သံမဏိနှင့် ပစ္စည်းအပါအဝင် ဆုံးရှုံးနိုင်ခြေရှိသော ပစ္စည်း ၄၉ မျိုးကို ဖော်ထုတ်လျက်ရှိကြောင်း Mr. Vuttikrai က ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းလုပ်ငန်းများအပေါ် အပျက်သဘောသက်ရောက်လာနိုင်မှုကိုကာကွယ်ရန် ပုဂ္ဂလိက ကဏ္ဍသည်အစိုးရထံ ဗျူဟာ ၂ ခုကို အဆိုပြုထားကြောင်း၊ ပထမအချက်မှာ ကာလတိုသက်သာမှုအဖြစ် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အတိုးနှုန်းလျှော့ချပေးရေးနှင့် ဘဏ္ဍာငွေရရှိမှု တိုးမြှင့်စေရေးဖြစ်ပြီး ဒုတိယအချက်မှာ ကာလရှည်ဗျူဟာအဖြစ် အမေရိကန်၏သက်ရောက်မှုကို ပြန်လည်တုံ့ပြန်နိုင်မည့် ဥရောပသမဂ္ဂအပါအဝင် ဈေးကွက်များစွာနှင့် ကုန်သွယ်ရေးစာချုပ်များ အပြီးသတ်နိုင်ရေးဖြစ်ကြောင်း၊ မော်တော်ကားနှင့် သံမဏိပို့ကုန်များအပေါ် အမေရိကန်၏အခွန်တိုးမြှင့်မှုအတွက် အစီအစဉ်

များနှင့် အချက်အလက်များ ကြိုတင် ပြင်ဆင်ထားရန်ဖြစ်ကြောင်း ထိုင်းစက်မှုအသင်းချုပ်ဥက္ကဋ္ဌ Mr. Kriengkrai Thiennukul က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် ပြောင်း၊ ပဲပုပ်၊ ပင်လယ်စာ၊ တိရစ္ဆာန်အသား၊ ဝီစကီ၊ ဝိုင်နှင့် စွမ်းအင်ထုတ်ကုန်များ အပါအဝင် အမေရိကန်မှ သွင်းကုန်များ တိုးမြှင့်တင်သွင်းမှုအပေါ် စဉ်းစားသင့်ကြောင်း၊ အခွန်ခွဲတမ်းများအပေါ် သင့်တင့်မျှတသော ညှိနှိုင်းမှုများဖြစ်စေရေး အစိုးရအနေဖြင့် ဆောင်ရွက်သင့်ကြောင်း ထိုင်းကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr. Poj Aramwattananont က သုံးသပ်အကြံပြုထားသည်။

Source: www.bangkokpost.com , (သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_22042025_14:03

# ကုန်သွယ်မှုအခြေအနေ

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၅၊ ဧပြီလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၂၉.၄.၂၀၂၅) ထိ

| မြို့နယ် | ရောဝတီ ပေါ်ဆန်း |
|---|---|
| ဖျာပုံ | 120000–125000 |
| မြောင်းမြ | 120000–125000 |
| ဒေးဒရဲ | 120000–125000 |
| ဝါးခယ်မ | 120000–125000 |
| ဘိုကလေး | 120000–125000 |
| မော်လမြိုင်ကျွန်း | 120000–125000 |
| လပွတ္တာ | 120000–125000 |
| ကျိုက်လတ် | 120000–125000 |
| ဘုရင့်နောင် | 150000–155000 (ရွှေဘိုပေါ်ဆန်း) |

Source: MRF

### ၂၀၂၅၊ ဧပြီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 7.4.2025 | 1650-2050 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 |
| 2 | 14.4.2025 | 1650-2050 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 |
| 3 | 22.4.2025 | 1650-2050 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 |
| 4 | 28.4.2025 | 1650-2050 | 1600-2000 | 1550-1950 | 1500-1900 | 1450-1850 |

Source: MRPPA

## ၂၀၂၅၊ ဧပြီလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွဲနီ(ရှယ်)(သစ်) | | | ညှော်မထ 25% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.4.2025 | 106000 | 105000 | 104000 | 90000 | 98000 | 88000 | 64000 | 635000 | 63000 | 67000 | 66000 | 65000 |
| 2 | 2.4.2025 | 106000 | 105000 | 104000 | 90000 | 98000 | 88000 | 64000 | 635000 | 63000 | 67000 | 66000 | 65000 |
| 3 | 3.4.2025 | 106000 | 105000 | 104000 | 90000 | 98000 | 88000 | 64000 | 635000 | 63000 | 67000 | 66000 | 65000 |
| 4 | 4.4.2025 | 106000 | 105000 | 104000 | 90000 | 98000 | 88000 | 64000 | 635000 | 63000 | 67000 | 66000 | 65000 |
| 5 | 7.4.2025 | 106000 | 105000 | 104000 | 90000 | 98000 | 88000 | 64000 | 635000 | 63000 | 67000 | 66000 | 65000 |
| 6 | 8.4.2025 | 110000 | 108000 | 105000 | 90000 | 98000 | 88000 | 62500 | 62000 | 61500 | 65000 | 64000 | 63000 |
| 7 | 9.4.2025 | 110000 | 108000 | 105000 | 90000 | 98000 | 88000 | 62500 | 62000 | 61500 | 65000 | 64000 | 63000 |
| 8 | 10.4.2025 | 110000 | 108000 | 105000 | 90000 | 98000 | 88000 | 62500 | 62000 | 61500 | 65000 | 64000 | 63000 |
| 9 | 11.4.2025 | 110000 | 108000 | 105000 | 90000 | 98000 | 88000 | 62500 | 62000 | 61500 | 65000 | 64000 | 63000 |
| 10 | 22.4.2025 | 110000 | 108000 | 105000 | 90000 | 98000 | 88000 | 62500 | 62000 | 61500 | 65000 | 64000 | 63000 |
| 11 | 23.4.2025 | 110000 | 108000 | 105000 | 90000 | 98000 | 88000 | 62500 | 62000 | 61500 | 65000 | 64000 | 63000 |
| 12 | 24.4.2025 | 110000 | 108000 | 105000 | 90000 | 98000 | 88000 | 62500 | 62000 | 61500 | 65000 | 64000 | 63000 |
| 13 | 25.4.2025 | 110000 | 108000 | 105000 | 90000 | 98000 | 88000 | 62500 | 62000 | 61500 | 65000 | 64000 | 63000 |
| 14 | 28.4.2025 | 110000 | 108000 | 105000 | 90000 | 98000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 15 | 29.4.2025 | 110000 | 108000 | 105000 | 90000 | 98000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |
| 16 | 30.4.2025 | 110000 | 108000 | 105000 | 90000 | 98000 | 88000 | 58500 | 58000 | 57500 | 65000 | 64000 | 63000 |

**Source: Myanmar Rice**

## ၂၀၂၅၊ ဧပြီလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.4.2025 | - | - | - | - | - | - |
| 2 | 2.4.2025 | 2100.0 | 61.47 | 288.79 | 1563.55 | 24.55 | 1403.41 |
| 3 | 3.4.2025 | 2100.0 | 61.19 | 287.57 | 1565.65 | 24.56 | 1425.61 |
| 4 | 4.4.2025 | 2100.0 | 61.34 | 288.38 | 1573.15 | 24.63 | 1434.97 |
| 5 | 7.4.2025 | 2100.0 | 60.54 | 287.15 | 1557.86 | 24.45 | 1438.41 |
| 6 | 8.4.2025 | 2100.0 | 60.34 | 286.2 | 1555.15 | 24.39 | 1425.42 |
| 7 | 9.4.2025 | 2100.0 | 60.71 | 285.71 | 1557.57 | 24.26 | 1444.29 |
| 8 | 10.4.2025 | 2100.0 | 61.51 | 286.18 | 1569.10 | 24.37 | 1439.00 |
| 9 | 11.4.2025 | 2100.0 | 62.62 | 287.69 | 1591.15 | 24.39 | 1472.24 |
| 10 | 22.4.2025 | 2100.0 | 63.26 | 287.13 | 1607.41 | 24.67 | 1494.40 |
| 11 | 23.4.2025 | 2100.0 | 62.73 | 287.88 | 1600.79 | 24.56 | 1481.17 |
| 12 | 24.4.2025 | 2100.0 | 62.71 | 287.92 | 1600.12 | 24.60 | 1472.19 |
| 13 | 25.4.2025 | 2100.0 | 62.60 | 288.18 | 1597.32 | 24.58 | 1463.57 |
| 14 | 28.4.2025 | 2100.0 | 62.42 | 287.75 | 1598.60 | 24.70 | 1463.16 |
| 15 | 29.4.2025 | 2100.0 | 63.02 | 289.27 | 1607.66 | 24.64 | 1474.98 |
| 16 | 30.4.2025 | 2100.0 | 62.90 | 289.10 | 1607.41 | 24.78 | 1469.20 |

Source: Central Bank of Myanmar

## ၂၀၂၅၊ ဧပြီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2025 | | (ထိပ်စ) | | |
| 1 | 1.4.2025 | 3016000 | 3007000 | | 3570200 | 2523000 | 2792500 |
| 2 | 2.4.2025 | 3008000 | 3000000 | | 3570200 | 2523000 | 2792500 |
| 3 | 3.4.2025 | 3012000 | 2990000 | | 3570200 | 2523000 | 2792500 |
| 4 | 4.4.2025 | 3020000 | 3005000 | | 3570200 | 2523000 | 2792500 |
| 5 | 7.4.2025 | 3034000 | 3006000 | | 3570200 | 2523000 | 2786400 |
| 6 | 8.4.2025 | 3051000 | 3007000 | | 3674300 | 2633300 | 2844600 |
| 7 | 9.4.2025 | 3070000 | 3015000 | | 3674300 | 2633300 | 2844600 |
| 8 | 10.4.2025 | 3090000 | 3037000 | | 3674300 | 2633300 | 2844600 |
| 9 | 11.4.2025 | 3107000 | 3053000 | | 3674300 | 2633300 | 2844600 |
| 10 | 22.4.2025 | 3055000 | 2955000 | | 3674300 | 2633300 | 2844600 |
| 11 | 23.4.2025 | 3055000 | 2970000 | | 3674300 | 2633300 | 2844600 |
| 12 | 24.4.2025 | 3050000 | 2960000 | | 3674300 | 2633300 | 2844600 |
| 13 | 25.4.2025 | 3055000 | 2972000 | | 3674300 | 2633300 | 2844600 |
| 14 | 28.4.2025 | 3035000 | 2936000 | | 3674300 | 2633300 | 2844600 |
| 15 | 29.4.2025 | 3015000 | 2920000 | | 3876400 | 2685300 | 2899700 |
| 16 | 30.4.2025 | 3020000 | 2912000 | | 3876400 | 2685300 | 2899700 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

\


## ၂၀၂၅၊ ဧပြီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)


| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 1.4.2025 | 2654700–2688400 | 2397500–2431200 | 2357700–2431200 | 3827400–3879500 | 1028800–1041100 |
| 2 | 2.4.2025 | 2654700–2688400 | 2397500–2431200 | 2357700–2431200 | 3827400–3879500 | 1028800–1041100 |
| 3 | 3.4.2025 | 2654700–2688400 | 2397500–2431200 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 4 | 4.4.2025 | 2654700–2688400 | 2397500–2431200 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 5 | 7.4.2025 | 2654700–2688400 | 2397500–2431200 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 6 | 8.4.2025 | 2599600–2657800 | 2397500–2431200 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 7 | 9.4.2025 | 2599600–2657800 | 2397500–2449600 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 8 | 10.4.2025 | 2599600–2657800 | 2397500–2449600 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 9 | 11.4.2025 | 2599600–2657800 | 2397500–2449600 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 10 | 22.4.2025 | 2600200–2657800 | 2397500–2449600 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 11 | 23.4.2025 | 2599600–2657800 | 2397500–2501600 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 12 | 24.4.2025 | 2599600–2657800 | 2397500–2501600 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 13 | 25.4.2025 | 2599600–2657800 | 2397500–2501600 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 14 | 28.4.2025 | 2599600–2709800 | 2397500–2501600 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 15 | 29.4.2025 | 2599600–2709800 | 2397500–2501600 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |
| 16 | 30.4.2025 | 2599600–2709800 | 2397500–2501600 | 2336300–2400600 | 3827400–3879500 | 1028800–1041100 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၅၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.4.2025 to 4.4.2025 | 7.4.2025 to 11.4.2025 | 22.4.2025 to 25.4.2025 | 28.4.2025 to 30.4.2025 |
|---|---|---|---|---|---|
| မတ်ပဲ (2024–25 Crop) | FAQ | 755–765 | 765–775 | 760–770 | 745–755 |
| | SQ | 835–845 | 845–855 | 840–850 | 825–835 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 855–875 | 865–885 | 860–880 | 845–865 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 955–975 | 965–985 | 960–980 | 945–965 |
| | အခွံပါအခြမ်း | 855–875 | 865–885 | 860–880 | 845–865 |
| ပဲတီစိမ်း (2024–25 Crop) | FAQ (အညာ) | 880–890 | 900–910 | 900–910 | 920–930 |
| | FAQ (ရွှေဝါ) | 910–920 | 930–940 | 930–940 | 960–970 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 960–970 | 980–990 | 980–990 | 1010–1020 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 920–930 | 940–950 | 940–950 | 970–980 |
| | ရွှေဝါအသေး (Under 3.5 mm) | 880–890 | 900–910 | 900–910 | 930–940 |
| ပဲတီစိမ်း (2024 –25 Crop) | FAQ ပဲနောက် | 860–870 | 890–900 | 890–900 | 900–910 |
| | SQ ပဲနောက် | 1050–1060 | 1080–1090 | 1080–1090 | 1130–1140 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1095–1115 | 1115–1135 | 1115–1135 | 1125–1145 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 900–920 | 920–940 | 920–940 | 930–950 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 850–870 | 870–890 | 870–890 | 880–900 |
| ပဲစင်းငုံ(2024 –25 Crop) | အနီ | 750–760 | 750–760 | 750–760 | 730–740 |
| ပဲစင်းငုံ (2024–25 Crop) | အဖြူ(စစ်ကိုင်း) | 710–720 | 710–720 | 710–720 | 690–700 |
| | အခွံချွတ်အခြမ်း | 1050–1070 | 1050–1070 | 1050–1070 | 1030–1050 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 700–710 | 720–730 | 720–730 | 730–740 |
| | အခွံချွတ်အခြမ်း | 970–990 | 990–1010 | 990–1010 | 1000–1020 |
| ပဲလွန်းဖြူ | FAQ | 635–645 | 635–645 | 635–645 | 650–660 |
| | SQ | 700–710 | 700–710 | 700–710 | 715–725 |
| | အခွံချွတ်အခြမ်း | 775–795 | 775–795 | 775–795 | 790–810 |
| ပဲလွန်းနီ | FAQ | 665–675 | 665–675 | 665–675 | 665–675 |
| ပဲထောပတ် | FAQ | 770–780 | 770–780 | 770–780 | 780–790 |
| | အခွံချွတ်အခြမ်း | 795–815 | 795–815 | 795–815 | 805–825 |
| ပြောင်းဆန် | | 255–265 | 255–265 | 255–265 | 255–265 |
| နှမ်းဖြူ | | 1300–1310 | 1275–1285 | 1275–1285 | 1275–1285 |
| နှမ်းနက်(စမုန်) | | 2470–2480 | 2470–2480 | 2480–2490 | 2480–2490 |
| နှမ်းညို | | 1130–1140 | 1130–1140 | 1130–1140 | 1130–1140 |
| နှမ်းနက်(ရိုးရိုး) | | 2290–2300 | 2290–2300 | 2310–2320 | 2310–2320 |
| မြေထောက်ပဲ(အနီ)FAQ | | 820–830 | 840–850 | 840–850 | 840–850 |
| မြေထောက်ပဲ(အနီ)SQ | | 900–910 | 900–910 | 900–910 | 900–910 |
| မြေထောက်ပဲ(အဖြူ) | | 900–910 | 900–910 | 900–910 | 900–910 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 820–830 | 840–850 | 840–850 | 840–850 |
| ပဲယင်း(ဝါ) | | 545–555 | 545–555 | 545–555 | 545–555 |
| ပဲယင်း(နီ) | | 660–670 | 660–670 | 660–670 | 660–670 |
| ပဲကြီး | | 780–790 | 780–790 | 780–790 | 780–790 |
| ပဲကြီးအခွံချွတ်အခြမ်း | | 900–920 | 900–920 | 900–920 | 900–920 |
| Azuki (Small Red Bean) | | 980–990 | 980–990 | 980–990 | 980–990 |
| စွန်တာနီ/ပြာ | | 680–690 | 680–690 | 680–690 | 680–690 |
| မြေပဲ (လုံးဆန်) | | 1450–1460 | 1450–1460 | 1450–1460 | 1470–1480 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 2.4.2025 to 8.4.2025 | 9.4.2025 to 15.4.2025 | 23.4.2025 to 29.4.2025 |
|---|---|---|---|---|
| 1 | Myanmar White Rice 5% Broken (Well Milled Sortexed) | 380.390 | 370-375 | 370-375 |
| 2 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 380-390 | 370-375 | 365-375 |
| 3 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 375-380 | 365-370 | 360-365 |
| 4 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 370-375 | 360-365 | 355-360 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 360-370 | 350-360 | 350-360 |
| 6 | 7Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 350-360 | 335-345 | 330-340 |
| 7 | M8yanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 385-395 | 380-390 | 380-390 |
| 8 | My9anmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 380-385 | 375-380 | 375-380 |
| 9 | Mya10nmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 375-380 | 370-375 | 370-375 |
| 10 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 365-375 | 360-365 | 360-365 |
| 11 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 380-390 | 380-390 | 380-390 |
| 12 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 375-380 |
| 13 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 370-375 |
| 14 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 360-370 | 360-370 | 360-370 |
| 15 | Myanmar White Rice (Thee Pu) 5% Broken (Well Milled Double Polished Sortexed) | 395-400 | 390-395 | 390-395 |
| 16 | Myanmar White Rice (Thee Pu) 10% Broken (Well Milled Double Polished Sortexed) | 390-395 | 385-390 | 385-390 |
| 17 | Myanmar White Rice (Thee Pu) 15% Broken (Well Milled Double Polished Sortexed) | 385-390 | 380-385 | 380-385 |
| 18 | Myanmar White Rice (Thee Pu) 25% Broken (Well Milled Double Polished Sortexed) | 365-370 | 360-365 | 360-365 |
| 19 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 380-395 | 380-395 | 380-395 |
| 20 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 375-380 | 375-380 | 370-380 |
| 21 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 370-375 | 370-375 | 365-370 |
| 22 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 365-370 | 365-370 | 360-365 |
| 23 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 355-365 | 345-355 | 345-355 |
| 24 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 475-490 | 475-490 | 475-490 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 400-405 | 395-400 | 395-400 |
| 26 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 395-400 | 390-395 | 390-395 |
| 27 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 390-395 | 385-390 | 385-390 |
| 28 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 365-370 | 355-360 | 355-360 |
| 29 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 595-605 | 595-605 | 595-605 |
| 30 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 585-595 | 585-595 | 585-595 |
| 31 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 595-605 | 595-605 | 595-605 |
| 32 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 585-595 | 585-595 | 585-595 |
| 33 | Myanmar Glutinous Rice 5% Broken (Well Milled) | 490-500 | 490-500 | 490-500 |
| 34 | Myanmar Glutinous Rice 10 % Broken (Well Milled) | 480-490 | 480-490 | 480-490 |
| 35 | Myanmar Glutinous Rice 15 % Broken (Well Milled) | 470-480 | 470-480 | 470-480 |
| 36 | Myanmar Glutinous Rice 25 % Broken (Well Milled) | 460-470 | 460-470 | 460-470 |
| 37 | Myanmar Glutinous Rice 10 % Broken (Reasonable Well Milled) | 455-465 | 455-465 | 455-465 |
| 38 | Myanmar Glutinous Rice 25 % Broken (Reasonable Well Milled) | 440-450 | 440-450 | 440-450 |
| 39 | Myanmar Brown Rice 5 % Broken | 355-360 | 355-360 | 355-360 |
| 40 | Myanmar Brown Rice 10 % Broken | 345-355 | 345-355 | 345-355 |

**Source: MRF**

## ၂၀၂၅ ဧပြီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 1.4.2025 | 71.67 | 74.74 | 228.31 | 4.14 | 231.40 |
| 2 | 2.4.2025 | 71.18 | 74.46 | 230.57 | 3.94 | 229.65 |
| 3 | 3.4.2025 | 70.02 | 73.28 | 225.40 | 4.00 | 225.36 |
| 4 | 4.4.2025 | 66.31 | 69.52 | 214.29 | 4.12 | 216.66 |
| 5 | 7.4.2025 | 60.26 | 63.79 | 201.33 | 3.75 | 203.81 |
| 6 | 8.4.2025 | 61.49 | 64.98 | 204.84 | 3.67 | 209.59 |
| 7 | 9.4.2025 | 57.02 | 60.41 | 192.97 | 3.49 | 199.04 |
| 8 | 10.4.2025 | 62.07 | 65.11 | 203.17 | 3.73 | 210.84 |
| 9 | 11.4.2025 | 59.79 | 63.10 | 195.19 | 3.52 | 204.04 |
| 10 | 22.4.2025 | 63.73 | 66.57 | 207.49 | 3.04 | 212.15 |
| 11 | 23.4.2025 | 64.31 | 67.81 | 211.06 | 3.02 | 216.13 |
| 12 | 24.4.2025 | 64.00 | 67.18 | 211.60 | 3.00 | 216.00 |
| 13 | 25.4.2025 | 63.12 | 66.86 | 211.96 | 2.94 | 215.39 |
| 14 | 28.4.2025 | 62.97 | 66.78 | 211.47 | 2.94 | 216.84 |
| 15 | 29.4.2025 | 61.73 | 65.45 | 210.00 | 3.17 | 216.66 |
| 16 | 30.4.2025 | 59.75 | 63.54 | 204.97 | 3.36 | 209.20 |

Source: Bloomberg Commodities

## ၂၀၂၅ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 1.4.2025 | 3150 | 3148 |
| 2 | 2.4.2025 | 3131 | 3137 |
| 3 | 3.4.2025 | 3152 | 3158 |
| 4 | 4.4.2025 | 3099 | 3106 |
| 5 | 7.4.2025 | 3027 | 3032 |
| 6 | 8.4.2025 | 3000 | 3007 |
| 7 | 9.4.2025 | 3017 | 3021 |
| 8 | 10.4.2025 | 3123 | 3128 |
| 9 | 11.4.2025 | 3219 | 3224 |
| 10 | 22.4.2025 | 3491 | 3496 |
| 11 | 23.4.2025 | 3344 | 3350 |
| 12 | 24.4.2025 | 3344 | 3350 |
| 13 | 25.4.2025 | 3294 | 3457 |
| 14 | 28.4.2025 | 3294 | 3452 |
| 15 | 29.4.2025 | 3315 | 3318 |
| 16 | 30.4.2025 | 3308 | 3312 |

Source: Bullionvault,